ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ကြာသပတေးနေ့ (10-3-2011) (၆၉၉၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ၊ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်

နိုင်ငံတော်အနေနှင့် တောင်သူလယ်သမားများ၏အကျိုးအတွက် အစဉ်တစိုက် ကာကွယ်ဖော်ဆောင်လျက်ရှိ လယ်ယာမြေများကို လုပ်ကိုင်ခွင့် စည်းကမ်းမပျက်သရွေ့ အစဉ်တစိုက် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အာမခံချက်ပေးထား လယ်သမားများအား အထောက်အကူပြုစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ် ထုတ်ချေးပေးလျက်ရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား စိုက်ခင်းကြီးများ ထူထောင်ခြင်းဖြင့် ဒေသနေပြည်သူများ အလုပ်အကိုင်များရရှိ

နေပြည်တော် မတ် ၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦး ရှိသည့်အနက် (၄၃၁)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၅၄) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၆ အရ ပြည်သူ့လွှတ်တော်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



အစည်းအဝေး ကျင်းပ

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

The Mirror

၁၀-၃-၂၀၁၁
(ကြာသပတေးနေ့)

သီပေါတံတားသစ် အောင်မြင်စွာဖွင့်လှစ် ကုန်စည်ပို့ဆောင်မှု မြန်ဆန်သွက်လက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသည့် သီပေါတံတားသစ်ကို မတ် ၆ ရက်က ဖွင့်လှစ်လိုက်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုဖြင့် အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သီပေါတံတားသစ်ကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက်သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအထိပါ ယာဉ်များ အလွယ်တကူ သွားလာနိုင်ရေး အကျိုးပြုနေပြီ။ မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးကို အသုံးပြု၍ နယ်စပ်ကုန်သွယ်ရေးတွင် ထွက်ကုန်များတင်ပို့ခြင်းနှင့် ပြည်ပကုန်များ တင်သွင်းရာ၌ အထောက်အကူပြုနေပြီဖြစ်သည်။

ယခင် တံတားဟောင်းရှိခဲ့သော်လည်း တံတားသက်တမ်းကြာမြင့်မှုနှင့်အတူ တံတားခံနိုင်ဝန် ကျဆင်းလာခဲ့သည်။ နေ့စဉ် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနေမှုကြောင့် မကြာခဏ ပျက်စီးယိုယွင်းမှုများဖြစ်လာခဲ့သည်။ ယာဉ်များ ညအိပ်ရပ်နား စောင့်ဆိုင်းရမှု၊ ကုန်စည်စီးဆင်းနှောင့်နှေးကြန့်ကြာမှု အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။

ယခုဖွင့်လှစ်လိုက်သည့် သီပေါတံတားသစ်ကြီးသည် သံကူကွန်ကရစ်သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး ယာဉ်နှစ်လမ်းသွားလာနိုင်သည်။ တံတားအရှည်ပေ ၅၀၀ ကျော်ရှိပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ဖြစ်သဖြင့် ကုန်စည်ပို့ဆောင်မည့်ယာဉ်ကြီးများ အလွယ်တကူ သွားလာနိုင်ကြပြီဖြစ်သည်။

သီပေါတံတားသစ်ကြီးသည် နိုင်ငံအတွင်းရှိ ပေ ၁၈၀ နှင့်အထက် တံတားကြီးများအနက် ၂၅၉ စင်းမြောက်ဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ၁၃ စင်းမြောက်တံတားကြီးဖြစ်သည်။ ဒေသတွင်း တံတားကြီး၊ တံတားငယ်များနှင့် ဒေသချင်းဆက်လမ်းများ တိုးချဲ့တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာသည်။ ဒေသဖွံ့ဖြိုးမှုနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာလျက်ရှိသည်။

နိုင်ငံတစ်ဝန်း လမ်းသစ်များဖောက်လုပ်နေမှုနှင့်အတူ မြစ်ကူးတံတားကြီးများကိုလည်း ဆက်လက်တည်ဆောက်ပေးလျက်ရှိရာ ကုန်သွယ်စီးပွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးစည်ပင်လာသည်။ နိုင်ငံနှင့် လူမျိုး၏စီးပွားရေးခနအင်အားခိုင်မာမှု၊ စိတ်ဓာတ်စွမ်းအား၊ အတတ်ပညာ၊ နည်းပညာစွမ်းအားမြင့်မားလာမှုတို့ကို ဖော်ညွှန်းနေသော ရလဒ်ကောင်းများဖြစ်ပါသည်။ ။

ဆုချီးမြှင့်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မွေးမွေးဦး ပထမတန်းဘက်စုံထူးချွန်ဆုရ မောင်ဇော်ဖုန်းထက်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျိုက်ထိုမြို့နယ်၌ HIV/AIDS ပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေး စီမံကိန်း၏ HIV/AIDS အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်နံနက် ၈နာရီခွဲတွင် မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် ဝေးလံမြို့နယ် လူမှုဖွံ့ဖြိုးရေးစီမံကိန်း မွန်/ကရင်ပြည်နယ် မန်နေဂျာဦးဝင်းထင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်နှင့် ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေး HIV စီမံကိန်းမှ ဦးခိုင်ကျော်ထွန်းတို့က HIV/AIDS ဆိုင်ရာများကို အသိပညာပေး ဟောပြောကြသည်။

အဆိုပါ သင်တန်းသို့ ကျေးရွာ ၄၀ မှ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း နွေစပါးနှင့် ပဲတီစိမ်းစိုက်ခင်းများ၊ ပဲခူးမြို့ အထွေထွေပြည်သူ့ဆေးရုံကြီးတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၉

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် မတ် ၃ ရက်တွင် ပဲခူးခရိုင် သနပ်ပင်မြို့နယ် အောက်စုကွင်းရပ်ကွက် တောင်သူတစ်ဦး၏ လယ်မြေသို့ရောက်ရှိပြီး လယ်မြေအတွင်း နွေစပါးစိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ဆက်လက်၍ ပဲခူးမြို့ ကမာနတ်ကျေးရွာ တောင်သူတစ်ဦး၏ ပဲတီစိမ်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက်ဆက်၍ ပဲခူးမြို့ ပဲခူးအထွေထွေပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံတက်ကုသမှုခံယူလျက်ရှိသည့်လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် ပဲခူးအထွေထွေပြည်သူ့ဆေးရုံကြီး၏ တိုးချဲ့သံယာဆောင် ဆောက်လုပ်နေမှု အခြေအနေနှင့် ဆေးရုံဝင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင် မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဖွင့်ပွဲတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရေကြောင်းဌာန ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင် မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်၇ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း ဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပို့ဆောင်ခြင်းဖြင့် စီးပွားမြှင့်အံ့ဟူသော ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ရေယာဉ်နှင့်ခရီးသည်အန္တရာယ်ကင်းရှင်းရေး(Safety)၊လုပ်ငန်းစွမ်းဆောင်မှုအပြည့်အဝပေးရေး(Service)၊လုပ်ငန်းခွင် အသွင်အပြင်ကောင်းမွန်ရေး (Image) ဟူသည့် ရည်မှန်းချက်များထားရှိပြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်ရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးနှင့် လျာထားချက်များ ပြည့်မီ ကျော်လွန်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ရေယာဉ်များပေါ်၌ တာဝန်ထမ်းဆောင်နေကြသော ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့်တက်မကိုင်များ ရေယာဉ်ထိန်းသိမ်းမှုနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာများကို စနစ်တကျ သိရှိလိုက်နာနိုင်ရန် ယခုကဲ့သို့ မွမ်းမံသင်တန်းများ ပြုလုပ်ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ယခုသင်တန်းတွင် ပို့ချသော သင်ခန်းစာများကို လုပ်ငန်းခွင်၌ လက်တွေ့စနစ်တကျ အသုံးချသွားရန်၊ မိမိအတွက်ရောဌာနအတွက်ပါ အကျိုးရှိအောင် လေ့လာသင်ယူသွားကြရန်နှင့်ကျန်ရှိသည့်ရေယာဉ်ဝန်ထမ်းများအားလည်း မိမိတို့သင်ယူရရှိခဲ့သည့် သင်ခန်းစာများကို ဆက်လက်ပြန့်ပွားပို့ချပေးသွားကြရန် အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာမကြီး ဒေါ်ချစ်တင်၏ အသက်(၁၀၀)ပြည့် မွေးနေ့ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

ကျိုက္ခမီမြို့မှ အငြိမ်းစားဆရာမကြီး ဒေါ်ချစ်တင်(ခ) ဒေါ်ကုလမာတာ၏ အသက်(၁၀၀)ပြည့်မွေးနေ့ပူဇော်ပွဲ အခမ်းအနားကို ဧပြီ၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရွှေတိဂုံစေတီအနောက်ဘက်မုခ် မော်လမြိုင်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့်တပည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ဂါရဝပြုနိုင်ကြောင်း သိရသည်။

အလှူငွေများ လှူဒါန်းလိုပါက ဒေါ်ခင်ရီ (နာယက၊ ကျိုက္ခမီအသင်း) ဖုန်း-၂၅၃၄၄၀၊ ဦးအောင်ထွန်း (ဥက္ကဋ္ဌ၊ ကျိုက္ခမီအသင်း) ဖုန်း-၅၆၄၂၄၁၊ ဦးမြသောင်း-ဒေါ်ဘေဘီ ဖုန်း-၇၀၀၂၃၃၊ ဦးလွင်သိန်း(နေလစာပေ)ဖုန်း-၇၀၃၈၂၃၊ ဦးတင်ဝင်း (ဂိတ်မှူး၊ ရောင်နီထွန်း ကားဂိတ်၊ ကျိုက္ခမီ) ဖုန်း-၀၅၇-၇၅၂၆၁နှင့် ဦးထွန်းထွန်းနိုင် (ကျိုက္ခမီ) ဖုန်း -၀၉-၄၉၈၂၀၂၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၃၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ဘက်စုံဆုပေးပွဲကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ ထူးချွန်ပထမဆုရ မသီရိနန္ဒာအား ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး (နယ်စပ်/စည်ပင်) ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကမ္ဘာလှည့်ခရီးသွားများအတွက် မြန်မာပြည်မြေပုံများ အခမဲ့ထပ်မံဖြန့်ချိ

ရန်ကုန် မတ် ၉

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုအဆင်ပြေတိုးတက်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ထုတ်ဝေသော Tourist Maps of Myanmar (TMM-26) ကို အခမဲ့ ထပ်မံဖြန့်ချိလိုက်ပြီဖြစ်သည်။

Tourist Maps of Myanmar (TMM-26) တွင် မြန်မာပြည်အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီးအသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံ၊ မြိတ်မြေပုံ တို့ကို မွမ်းမံထည့်သွင်းထားသည်။ ပြည်တွင်းလေကြောင်းလိုင်းများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းများ၏ တည်နေရာကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် ထိုခရီးသွားလမ်းညွှန်မြေပုံများ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင်းရှိ စိတ်ဝင်စားဖွယ်ရာ နေရာများသို့ အချိန်ကုန် သက်သာစွာဖြင့် လေ့လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသွားများ လွယ်လင့်တကူ သုံးစွဲနိုင်ရန် အဆိုပါမြေပုံများကို လေဆိပ်မှစ၍ ပြည်တွင်းရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ NGO များ၊ သံရုံးနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့သာမက ယခုအကြိမ်တွင် နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ကြီးကြပ်ပေးပို့သွားမည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီအမှတ်တံဆိပ်ပါ ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)၌ လည်းကောင်း၊ D. P. S မြေပုံထုတ်ဝေရေး အမှတ်(၁၆၅-၁၆၇) ပထမထပ် (၃၅)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-(၉၅-၁)၂၀၄၀၂၀၊ ၀၉-၅၀၃၀၁၇၇နှင့် ဖက်စ်ဖုန်း-(၉၅-၁) ၂၄၅၂၃၀တို့၌ လည်းကောင်း ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာက ရခိုင်ပြည်နယ် မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှု ဒေသအား ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်များ ထိန်းသိမ်းရေးစာရင်းဝင် ဒေသအဖြစ် သတ်မှတ်နိုင်ရန်အတွက် နိုင်ငံတော် အစိုးရမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းသည်။

အဆိုပါ မေးမြန်းချက်နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုဒေသများကို UNESCO ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းတွင် ထည့်သွင်းနိုင်ရန်အတွက် ပျူမြို့ဟောင်းများဖြစ်ကြသော သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့အား ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်စွက်လျက် ၂၀၁၀ ခုနှစ်တွင် စာရင်းတင်သွင်းထားပါကြောင်း။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်အရ ရှေးအကျဆုံးဖြစ်သည့် ဘီစီ(၁)ရာစုမှ အေဒီ(၄)ရာစုအတွင်း ထွန်းကားခဲ့သော ပျူမြို့ဟောင်းများကို ဦးစွာ စာရင်းတင်သွင်းခြင်း ဖြစ်ပါကြောင်း၊ သမိုင်းရက်စဉ်အရ ကြွင်းကျန်တည်ရှိသည့် ရှေးဟောင်းအဆောက်အအုံများ၏ အနေအထား၊ တူးဖော်တွေ့ရှိသည့် အထောက်အထားများအရ သက်တမ်းအစောဆုံး ပျူမြို့ဟောင်း သုံးခုကို ဆက်စပ်မြို့ဟောင်းများအဖြစ် တစ်ခုတည်း စာရင်းတင်သွင်းခြင်း ဖြစ်ပါကြောင်း။

နှစ်စဉ် Site တစ်ခုစီ တင်သွင်းရန် သမိုင်းရက်စဉ်အရ စီစဉ်ဆောင်ရွက်လျက်ရှိရာ မြောက်ဦး ယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်ဒေသအဖြစ် သတ်မှတ်ရန် အလှည့်ကျ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်က ရှေးယခင်အဆက်ဆက်က မြေယာပိုင်ဆိုင်ခွင့် အမျိုးမျိုး ရှိခဲ့သော်လည်း နိုင်ငံတော်ကသာလျှင် ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု အခြေခံမူဝါဒ ချမှတ်ခြင်းပြုလုပ်ပြီး ထိုမှတစ်ဆင့် လယ်လုပ်သူ မူရင်းလက်ငုတ်ဖြစ်သော တောင်သူလယ်သမားများတို့သာ လယ်ယာမြေကို လုပ်ပိုင်ခွင့်ရှိစေရမည် ဟူသော ဦးတည်ချက်ဖြင့် သီးစားချထားရေး ဥပဒေများကို ၁၉၆၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေကိုလည်း ၁၉၆၃ ခုနှစ်တွင် ဖြည့်စွက်ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ တောင်သူလယ်သမားတို့အကျိုးကို ရည်စူး၍ ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်၍ တောင်သူလယ်သမားအကျိုးကို ထိုဥပဒေများက ကာကွယ်စောင့်ရှောက်ပေးခဲ့သဖြင့် တောင်သူလယ်သမားများ များစွာ စိတ်ချမ်းမြေ့ခဲ့ရပြီး ဥပဒေ၏ အကာအကွယ် ရရှိခဲ့ပါကြောင်း၊ သို့သော် ယခုအခါ တောင်သူများ၏ လယ်ယာမြေများကို လျော်ကြေးငွေဖြင့် သိမ်းယူခြင်း၊ စက်ရုံတည်ဆောက်ရန် သိမ်းယူခြင်း၊ လယ်ယာစီမံကိန်းကြီးများ အကောင်အထည်ဖော်ရန်နှင့် လယ်ယာစီးပွားဘက်စုံသီးနှံ နှစ်ရှည်ပင်စီမံကိန်းများ အကောင်အထည်ဖော်ရန် သိမ်းယူခြင်း စသည်တို့ကြောင့် တောင်သူလယ်သမားများ လယ်မဲ့ယာမဲ့ဘဝ ရောက်ခဲ့ကြသည်ကို တွေ့ရှိနေရပါကြောင်း။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း လယ်ယာမြေပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများ၏ နစ်နာမှုဖြစ်စဉ်များ ရှိနေပါကြောင်း၊ ထိုကဲ့သို့ တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုဖြစ်ရပ်ဖြစ်စဉ်များကို ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ၊ အခြား သက်ဆိုင်သော ဥပဒေလုပ်ထုံးလုပ်နည်း ထုတ်ပြန်ထားပြီးသော ညွှန်ကြားချက်၊ အမိန့် စသည်တို့နှင့်အညီ ကိုင်တွယ်ဖြေရှင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းသည်။

မေးမြန်းချက်နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ပြန်လည်ဖြေကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ လူဦးရေအများစုဖြစ်သော တောင်သူလယ်သမားများ၏ အခွင့်အရေးကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး တောင်သူလယ်သမားများ၏အကျိုးစီးပွား တိုးတက်ရေးကို အစဉ်တစိုက် ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ထုတ်ပြန်ထားပြီးသော တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ လိုက်နာပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၈ (၁)၌ "နိုင်ငံတော်သမ္မတသည် ဒေသတစ်ခုခုတွင် သီးနှံအမျိုးအစားတစ်ခုခုကို စိုက်ပျိုးခြင်းဖြင့်သော် လည်းကောင်း၊ နိုင်ငံတော်အတွက်ဖြစ်စေ၊ တောင်သူလယ်သမားများအတွက်ဖြစ်စေ အကျိုးဖြစ်ထွန်းစေရမည်ဟု ထင်မြင်ယူဆလျှင် အဆိုပါ သီးနှံအမျိုးအစားကို စိုက်ပျိုးစေရန်သော် လည်းကောင်း၊ အဆိုပါနည်းလမ်းအတိုင်း လယ်ယာမြေကို အသုံးချစေရန်သော် လည်းကောင်း သင့်လျော်မည့်ထင်မြင်သည့်အတိုင်း ဆောင်ရွက်နိုင်သည်။ သို့တည်းမဟုတ် ဆောင်ရွက်စေနိုင်သည်" ဟူ၍လည်းကောင်း၊ ယင်းအက်ဥပဒေ ပုဒ်မ ၃၉ ၌ "ဤအက်ဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ နိုင်ငံတော်သမ္မတသည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်သည် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်လယ်ယာမြေကိုမဆို မိမိသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင်သည်" ဟူ၍ လည်းကောင်း ဖော်ပြထားပါကြောင်း။

၁၉၆၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် (၈)ဖြင့် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေ၏ ရည်ရွယ်ချက်မှာ "ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သီးစားခံယူလုပ်ကိုင်ရသည့် လယ်ယာမြေမှန်သမျှကို သက်ဆိုင်ရာမြေရှင်များက သီးစားချထားခြင်း မပြုစေဘဲ တော်လှန်ရေးအစိုးရကသာလျှင် ဦးစီးကွပ်ကဲ၍ သီးစားချထားရန်ဖြစ်သည်" ဟု ဖော်ပြပါရှိပါကြောင်း၊ ယင်းဥပဒေအရ တောင်သူလယ်သမားများအနေဖြင့် အောက်ပါအခွင့်အရေးများ ရရှိပါကြောင်း-

(က) မြေလုပ်သူသာ မြေလုပ်ပိုင်ခွင့်ရှိသည်။
(ခ) မိသားစုအတူတကွ လုပ်ကိုင်ပါက ဆက်ခံခွင့်ရှိသည်။
(ဂ) သီးစားခကို မည်သူ့ကိုမှ ပေးရန်မလိုပါ။
(ဃ) မြေယာစည်းကမ်းမပျက်သရွေ့ ကာလပတ်လုံး လုပ်ပိုင်ခွင့်ရှိသည်။

ဤဥပဒေအရ လယ်ယာမြေလုပ်ကိုင်မှု အငြင်းပွားမှုဆိုင်ရာများ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ၁၉၆၃ ခုနှစ် သီးစားချထားရေးနည်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ၁၉၆၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် (၉၁)ဖြင့် ပြဋ္ဌာန်းခဲ့သည့် ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့် ဥပဒေ ပုဒ်မ ၃ (၁) ၌ "တည်ဆဲ အခြားတရားဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ တရားမရုံးတစ်ခုခု၏ ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ဖြင့် -

(က) လယ်ယာမြေကို သော်လည်းကောင်း၊ လယ်ယာမြေလုပ်ကိုင်ရာ၌ အသုံးပြုသည့် ကျွဲ၊ နွားနှင့် ကိရိယာတန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာတန်ဆာပလာ၊ အခြားသက်ရှိသက်မဲ့ ကိရိယာတန်ဆာပလာများကို သော်လည်းကောင်း၊ လယ်ယာမြေမှ ထွက်သော ပစ္စည်းများကို သော်လည်းကောင်း ဝရမ်းကပ်ခြင်း၊ သိမ်းဆည်းခြင်း မပြုရ။
(ခ) လယ်ယာမြေကို မလုပ်ကိုင်ရဟု သော်လည်းကောင်း၊ လယ်ယာမြေထဲသို့ မဝင်ရဟုသော် လည်းကောင်း တားဆီးခြင်းမပြုရ။
(ဂ) လယ်ယာမြေကို လုပ်ကိုင်သည့် ကျွဲ၊ နွားနှင့် ကိရိယာတန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာတန်ဆာပလာများကို သော်လည်းကောင်း၊ အခြား သက်ရှိ၊ သက်မဲ့ ကိရိယာတန်ဆာပလာများကို သော်လည်းကောင်း၊ လယ်ယာမြေမှ ထွက်သော ပစ္စည်းများကိုသော် လည်းကောင်း မရွှေ့မပြောင်းရဟု သို့တည်းမဟုတ် ရောင်းချသုံးစွဲထုခွဲခြင်းမပြုရဟု တားဆီးခြင်းမပြုရ။
(ဃ) အပိုဒ် (က) (ခ) (ဂ) ပါ ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားတစ်ဦးဦးကို ဖမ်းဆီးချုပ်နှောင်ခြင်းမပြုရ" ဟု ပြဋ္ဌာန်းပါရှိပါကြောင်း။

လက်ရှိအခြေအနေ၌လည်း ဤဥပဒေများအတိုင်း လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း၊ တောင်သူများ လုပ်ကိုင်နေသောလယ်မြေများကို သာမန်အားဖြင့် သိမ်းယူမှုများမရှိပါဟု ဖြေကြားလိုပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်အကျိုးငှာ ဆောင်ရွက်ရသောလုပ်ငန်းများ၊ စီမံကိန်းများ ပေါ်ပေါက်လာပါက အနည်းဆုံးလိုအပ်သော မြေဧရိယာကိုသာ ရယူစေပြီး ယင်းဧရိယာနှင့် မလွတ်ကင်းသော လယ်ယာမြေများ ပါရှိလာပါကလည်း ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ အရ အခြားနည်းအသုံးပြုရန် ကိစ္စနှင့်ခြင်းမပြုမီ မြေလွတ်အတိုင်း အလဟဿထားရှိမည့်အစား အောင်မြင်ဖြစ်ထွန်းသော သီးနှံများ စိုက်ပျိုးစေခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိုက်သင့်သောအကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက် ယာယီအားဖြင့် စိုက်ပျိုးခွင့်ပြုသည်များလည်း ရှိပါကြောင်း၊ အချို့သော မြေများအား စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်စေရန်အတွက် လုပ်ငန်းရှင်များအား ချထားပေးခြင်းများလည်း ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တာဝန်ပေးခြင်းခံရသော လုပ်ငန်းရှင်များအနေနှင့် ယာယီစိုက်ပျိုးလျက်ရှိသည့် တောင်သူများရှိပါက တောင်သူများနှင့် ညှိနှိုင်း၍ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများမှ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူဖြစ်စဉ်များအပေါ် နယ်မြေဒေသအသီးသီးအလိုက် သက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တောင်သူများ နစ်နာဆုံးရှုံးမှု မရှိစေရန် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်းက အချို့သော ကုမ္ပဏီကြီးများက တောင်သူလယ်သမားများ၏ လယ်ယာမြေများကို သိမ်းယူပြီး လျော်ကြေးအသင့်အတင့်သာ ပေး၍ စပ်လျဉ်း၍ ၁၉၈၈ ခုနှစ် စကားရပ်များ အစားထိုးခြင်းဥပဒေနှင့်အညီ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် သိမ်းယူခဲ့ရသည့်ဖြစ်စဉ်များ ရှိခဲ့ပါကြောင်း။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ မေးမြန်းစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ ဆောင်ရွက်ရာ၌လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အာဏာပိုင်အဖွဲ့အစည်းများ၏ စိစစ်တင်ပြသော မြေအား လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် မြေအကျယ်အဝန်းကိုသာ မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်ပြုပြီး မူလလက်ငုတ် လုပ်ကိုင်ခွင့်ရ တောင်သူလယ်သမားများပါရှိပါက နစ်နာမှုမရှိစေရန် သင့်လျော်သောထောက်ပံ့မှုများ ရရှိရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများ၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အချို့သောမြေများသည် လိုအပ်ချက်အရ မြို့ပြစီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် ထိုက်သင့်သော ထောက်ပံ့ကြေးများပေးပြီး သက်ဆိုင်ရာဌာနများမှ သိမ်းယူထားပြီးဖြစ်သော်လည်း လုပ်ငန်း အကောင်အထည်ဖော်ရန် နှောင့်နှေးနေသော နေရာများလည်း ပါရှိပါကြောင်း၊ စီမံကိန်းများ ဆောင်ရွက်ကုမ္ပဏီပိုင်လုပ်ငန်းများ ထူထောင်သည့် ဖြစ်စဉ်များတွင် တောင်သူလယ်သမားများမှာ များစွာ မကျေမနပ်ဖြစ်နေသည်ဟု ကြားသိရပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံ ဖြစ်သည်နှင့်အညီ ထိုလယ်သမား ကိစ္စများကို ပြေလည်အောင် ကောင်းမွန်စွာဖြေရှင်းပေးနိုင်ပါမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ထိုကဲ့သို့သော မကျေမနပ် ဖြစ်ပွားရခြင်းများအပြင် တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် ပြင်ပမှ အတိုးကြီးကြီးဖြင့် ငွေချေးယူသုံးစွဲနေကြရခြင်းမှာ လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့်သာရှိပြီး လယ်လုပ်သူတိုင်း လယ်ပိုင်ခွင့်၊ တစ်နည်းအားဖြင့် မိမိပိုင်လယ်ယာမြေကို ပေါင်နှံလွှဲပြောင်းရောင်းချခွင့်မရှိသော ဥပဒေကြောင့် ဖြစ်ပါကြောင်း၊ အထက်ဖော်ပြပါ ကိစ္စရပ်များမပေါ်ပေါက်စေရန် အနာဂတ်ကာလအစိုးရက ဥပဒေပြဋ္ဌာန်း၍ လယ်သမားများ၏ လယ်ယာမြေပိုင်ဆိုင်ခွင့်ကို အာမခံချက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၃ မှ

အဆိုပါ မေးမြန်းချက်နှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ပြန်လည် ဖြေကြားရာတွင် ဦးရဲထွန်း၏မေးခွန်းတွင် ပထမအချက်အနေဖြင့် တောင်သူ လယ်သမားများ၏ လယ်ယာမြေများကို သိမ်းယူပြီး လျော်ကြေး အသင့်အတင့်သာ ပေး၍ ကုမ္ပဏီပိုင်လုပ်ငန်းများ ထူထောင် သည့် ဖြစ်စဉ်များကြောင့် တောင်သူ လယ်သမားများမှာ များစွာ မကျေမနပ် ဖြစ်နေကြကြောင်း မေးမြန်းထားသည်ကို တွေ့ရပါကြောင်း၊ ယင်းမေးခွန်းနှင့် ပတ်သက်၍ ဖြေကြားရလျှင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက် ဥပဒေပုဒ်မ ၃၈(၁)၌ “နိုင်ငံတော်သမ္မတ သည် ဒေသတစ်ခုခုတွင် သီးနှံအမျိုးအစား တစ်ခုခုကို စိုက်ပျိုးခြင်းဖြင့် သော်လည်း ကောင်း၊ နိုင်ငံတော်အတွက် ဖြစ်စေ၊ တောင်သူလယ်သမားများအတွက်ဖြစ်စေ အကျိုးဖြစ်ထွန်းစေမည်ဟု ထင်မြင်ယူဆ လျှင် အဆိုပါ သီးနှံအမျိုးအစားကို စိုက်ပျိုးစေရန်သော် လည်းကောင်း၊ အဆိုပါနည်းလမ်းအတိုင်း လယ်ယာမြေ ကို အသုံးချစေရန်သော်လည်းကောင်း သင့်လျော်မည် ထင်မြင်သည့်အတိုင်း ဆောင်ရွက်နိုင်သည်။ သို့တည်းမဟုတ် ဆောင်ရွက်စေနိုင်သည်” ဟူ၍ လည်း ကောင်း၊ ယင်းအက်ဥပဒေ ပုဒ်မ ၃၉ ၌ “ဤအက်ဥပဒေပါ အခြားပြဋ္ဌာန်းချက် များတွင် မည်သို့ပင် ပါရှိစေကာမူ နိုင်ငံတော်သမ္မတသည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်သည် လိုအပ် သည်ဟု ထင်မြင်ယူဆလျှင် မည်သည့် လယ်ယာမြေကိုမဆို မိမိသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင် သည်” ဟူ၍လည်းကောင်း ဖော်ပြထားပါ ကြောင်း။

အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက် များအတိုင်း နိုင်ငံတော်နှင့် အများပြည်သူ အကျိုးအတွက် အမှန်တကယ် လိုအပ် လာပါက လယ်ယာမြေများကို သိမ်းယူမှု များရှိနိုင်သော်လည်း သာမန်အားဖြင့် တောင်သူများ လုပ်ကိုင်နေသော လယ် မြေများကို ရှောင်လွှဲ၍မရသော အခြေ အနေများမှအပ သိမ်းယူမှုများ မရှိပါ ကြောင်း၊ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ အရ အခြားနည်းအသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ ၁၉၈၈ ခုနှစ် စကားရပ်များ အစားထိုးခြင်းဥပဒေနှင့်အညီ နိုင်ငံတော် အကျိုးအတွက် ဆောင်ရွက်ရသော လုပ်ငန်းများ၊ စီမံကိန်းများ ပေါ်ပေါက် လာပါကလည်း သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်က အနည်းဆုံး လိုအပ်သော မြေဧရိယာကိုသာ သိမ်းယူ ခြင်းနှင့် ထိုက်သင့်သော ထောက်ပံ့မှုများ ပေးနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက် ပေးလျက်ရှိသည့်အတွက် ထူးခြားသော အခြေအနေများရှိပါက တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေနှင့်လည်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေနှင့် တောင်သူ လယ်သမားများ၏အကျိုးအတွက် အစဉ် တစိုက် ကာကွယ်ဖော်ဆောင်လျက်ရှိပါ ကြောင်း၊ မြေမှန်သမျှသည် နိုင်ငံတော် ကသာ ပိုင်ဆိုင်သော်လည်း လယ်ယာ လုပ်ငန်းလုပ်ကိုင်နေသူ လယ်သမားများ ၏ အခွင့်အရေးနှင့်အကျိုးကို ကာကွယ် သောအားဖြင့် ၁၉၆၃ ခုနှစ် သီးစား ချထားရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ် ပါကြောင်း၊ ယင်းဥပဒေအရ မြေလုပ်သူ သာ မြေလုပ်ပိုင်ခွင့်ရှိသည်။ မိသားစု အတူတကွလုပ်ကိုင်ပါက ဆက်ခံခွင့်ရှိ သည်။ သီးစားခကို မည်သူ့ကိုမှ ပေးရန် မလိုပါ။ မြေယာစည်းကမ်း မပျက်သရွေ့ ကာလပတ်လုံး လုပ်ကိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ထို့အပြင် တောင်သူလယ်သမားများ၏ အကျိုးအတွက် ပြဋ္ဌာန်းခဲ့သည့် ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့် ဥပဒေ ပုဒ်မ ၃ (၁)၌ “တည်ဆဲအခြားတရားဥပဒေတစ်ရပ်ရပ် တွင် မည်သို့ပင်ပါရှိစေကာမူ တရားမရုံး တစ်ခုခု၏ ဒီကရီ၊ သို့တည်းမဟုတ် အမိန့် ဖြင့်-

(က) လယ်ယာမြေကို သော်လည်း ကောင်း၊လယ်ယာမြေ လုပ်ကိုင် ရာ၌ အသုံးပြုသည့် ကျွဲ၊ နွား နှင့် ကိရိယာ တန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာတန်ဆာ ပလာ၊ အခြား သက်ရှိ၊ သက်မဲ့ ကိရိယာ တန်ဆာပလာများကို သော်လည်းကောင်း၊ လယ်ယာ မြေမှထွက်သော ပစ္စည်းများကို သော်လည်းကောင်း ဝရမ်းကပ် ခြင်း၊ သိမ်းဆည်းခြင်း မပြုရ။

(ခ) လယ်ယာမြေကို မလုပ်ကိုင်ရဟု သော်လည်းကောင်း၊ လယ်ယာ မြေထဲသို့မဝင်ရဟု သော်လည်း ကောင်း တားဆီးခြင်းမပြုရ။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် မေးမြန်းစဉ်။ (သတင်းစဉ်)

(ဂ) လယ်ယာမြေကို လုပ်ကိုင်သည့် ကျွဲ၊ နွားနှင့် ကိရိယာတန်ဆာ ပလာ၊ ထွန်စက်နှင့် ကိရိယာ တန်ဆာပလာများကို သော် လည်းကောင်း၊ အခြား သက်ရှိ၊ သက်မဲ့ ကိရိယာတန်ဆာပလာ များကို သော်လည်းကောင်း၊ လယ်ယာမြေမှထွက်သော ပစ္စည်း များကို သော်လည်းကောင်း မရွှေ့မပြောင်းရဟု၊ သို့တည်း မဟုတ် ရောင်းချသုံးစွဲ ထုခွဲခြင်း မပြုရဟု တားဆီးခြင်းမပြုရ။

(ဃ) အပိုဒ်(က) (ခ) (ဂ) ပါ ကိစ္စ တစ်ခုခုနှင့်စပ်လျဉ်း၍ တောင်သူ လယ်သမား တစ်ဦးဦးကို ဖမ်းဆီးချုပ်နှောင်ခြင်း မပြုရ ဟူ၍ ပြဋ္ဌာန်းပါရှိပါကြောင်း။

အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက် များအရ တောင်သူလယ်သမားများ အနေဖြင့် ၎င်းတို့ စိုက်ပျိုးလုပ်ကိုင်နေသည့် လယ်ယာမြေများကို လုပ်ကိုင်ခွင့် စည်းကမ်းမပျက်သရွေ့ အစဉ်တစိုက် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အာမခံချက် ပေးထားပြီးဖြစ်ပါကြောင်း၊ အကယ်၍ လယ်ယာမြေကို ပေါင်နှံ၊ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်ရှိလာမည်ဆိုပါက အကြွေး ဖြင့် သိမ်းယူပိုင်ခွင့်လည်း ရှိလာမည်ဖြစ် သည့်အတွက် လယ်သမားများ လုပ်ပိုင်ခွင့် ရှိနေသည့် အဖိုးတန်လယ်မြေများ ဆုံးရှုံး နိုင်မှုများ ရှိလာမှာဖြစ်ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြ ရာတွင် ပြင်ပမှ အတိုးကြီးကြီးဖြင့် ငွေ ချေးယူသုံးစွဲကြရသော လယ်သမားများ အား အထောက်အကူပြုစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ် ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ တောင်သူ များ၏ လိုအပ်ချက်အပေါ်မူတည်ပြီး နှစ်စဉ် ချေးငွေများကို တိုးတက် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အချို့သော သီးနှံများအတွက် ကြိုတင် ဝယ်ယူငွေများ ထုတ်ပေးပြီး စိုက်စရိတ် အတွက် အသုံးပြုနိုင်အောင် ဆောင်ရွက် လျက်ရှိပါကြောင်း၊ သမဝါယမဝန်ကြီး ဌာနကလည်း စိုက်စရိတ်ချေးငွေများ ရရှိ ရေးအတွက်လည်း ပေါင်းစပ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ထို့အပြင် သီးနှံ အထူးပြုအဖွဲ့များကို ဖွဲ့စည်း၍ လည်း ကောင်း၊ အကျိုးလိုလားသူ လုပ်ငန်းရှင် များကိုစုစည်း၍လည်းကောင်း စိုက်စရိတ် အတွက် အထောက်အကူပြုနိုင်ရေး အတွက်လည်း ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ နောင်တွင် တောင်သူလယ်သမား များကိုယ်တိုင် ထည့်ဝင်စုဆောင်းငွေများ ဖြင့် စိုက်စရိတ်များကို အထောက်အကူပြု နိုင်ရေးအတွက်လည်း ဆောင်ရွက်ရန် ကြိုးပမ်းသွားကြရမှာဖြစ်ပါကြောင်း။

ကျေးလက်နေ တောင်သူအများစု သည် အခြားလိုအပ်ချက်များကြောင့် ပြင်ပ မှ အတိုးကြီးကြီးနှင့် ချေးငွေရယူသုံးစွဲ နေကြခြင်းများလည်း ရှိနိုင်ပါကြောင်း၊ လယ်ယာမြေများကို ပိုင်ဆိုင်မှုအနေနှင့် အသုံးချပြီး လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချ ခွင့်ပြုခဲ့ခြင်းကြောင့် ငွေရှင်ကြေးရှင် လူနည်းစုလက်ထဲကို လယ်ယာမြေများ ရောက်ရှိသွားပြီး အများစုဖြစ်သည့် တောင်သူလယ်သမားများမှာ မြေမဲ့ယာမဲ့ ဘဝကို ရောက်ရှိခဲ့ဖူးသည့် သာဓကများ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့ပြီးဖြစ်ပါ ကြောင်း၊ ယင်းအဖြစ်မျိုးများ နောက်ထပ် ရှိမလာစေရန် တည်ဆဲဥပဒေ၊ နည်း ဥပဒေများက လယ်ယာမြေများကို နိုင်ငံတော်က အမှန်တကယ် စိုက်ပျိုး လုပ်ကိုင်ကြသည့် တောင်သူလယ်သမား များကိုသာ မြေယာချထားလုပ်ပိုင်ခွင့်များ ပေးအပ်ထားပြီး တောင်သူလယ်သမား များဘက်က အကာအကွယ်ပေးထားခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တောင်သူလယ် သမားများအကျိုးအတွက် တည်ဆဲမြေယာ ဥပဒေများအရ ဆက်လက်ကျင့်သုံး ဆောင်ရွက်သွားခြင်းကသာ လက်ရှိ အခြေအနေ၌ အသင့်လျော်ဆုံး ဖြစ် ကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ရှာငံ မဲဆန္ဒနယ်မှ ဦးအောင်သိန်းက မြေလွတ်၊ မြေလပ်၊ မြေရိုင်းဖော်ထုတ်ရေး စီမံချက်ကြောင့် ဒေသခံ တောင်သူလယ်သမားများအား အကျိုးဖြစ်ထွန်းမှုမရှိစေဘဲ ဝန်ထုပ်ဝန်ပိုး ဖြစ်နေသည်ကို သိ၊ မသိ၊ အချို့စီမံချက် ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများကိုပင် ထိခိုက်နစ်နာမှုရှိ နေသည်ကို သိ၊ မသိ၊ မသိသေးပါက အခြေအနေမှန်ကို သိရှိနိုင်ရန် စုံစမ်း စစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်း စုံစမ်းစေပြီး ၎င်းစီမံချက်ကို ပြန်လည် စိစစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်း သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ပြန်လည် ဖြေကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဒေသနှင့် ကိုက်ညီဖြစ်ထွန်းသော သီးနှံများ၊ စီးပွား ရေးအရ တွက်ခြေကိုက်သောသီးနှံများ၊ နိုင်ငံတော်နှင့် ဒေသတွင်း နိုင်ငံများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်ရည်ရွယ်၍ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အမှန် တကယ် စိုက်ပျိုးထုတ်လုပ်နိုင်သည့် လူ ပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းများသို့ အဖွဲ့ဖြင့်စိစစ်၍ လုပ်ပိုင်ခွင့် ချထားပေး လျက်ရှိပါကြောင်း။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများမှာ နိုင်ငံတော်ပိုင် ဖြစ်ပါကြောင်း၊ ထိုမြေများ တွင် သဘာဝအလျောက် ပေါက်ရောက် နေသော သစ်ပင်များအား ရှင်းလင်း၍ တန်ဖိုးမြင့်မားစွာ ရရှိစေနိုင်သော စိုက်ပျိုး ကြောင်း၊ စိုက်မည့်လျာထားချက်နှင့်အညီ သာ အဆင့်လိုက် ဆောင်ရွက်စေသဖြင့် အပင်များလည်း ဆင့်ကဲ ကြီးထွားလာကြ မည် ဖြစ်ပါကြောင်း၊ ခွင့်ပြုထားသော သီးနှံ အမျိုးအစားများမှာ ရော်ဘာ၊ ဆီအုန်း၊ သရက်၊ သီဟိုဠ် စသည့် နှစ်ရှည်ပင်ကြီး များအား ဦးစားပေးဆောင်ရွက်စေလျက် ရှိသည့်နည်းတူ အချို့နေရာများတွင် ကော်ဖီကဲ့သို့ တန်ဖိုးမြင့် သီးနှံများကို လည်း စိုက်ပျိုးရန် ချထားပေးလျက်ရှိပါ ကြောင်း၊ ရှာငံမြို့နယ် ၌ အဓိကအားဖြင့် ကော်ဖီ၊ သရက်စိုက်ပျိုးမှုများ ရှိပါကြောင်း။

ရော်ဘာ၊ ဆီအုန်း၊ သရက်၊ သီဟိုဠ် စသော အပင်များသည် နှစ်ရှည်ပင်များ ဖြစ်၍ သစ်တောများနှင့် အခြေအနေချင်း တူသော စိုက်ခင်းများ ဖြစ်ပါကြောင်း၊ ကော်ဖီစိုက်ခင်းများသည်လည်း သတ်မှတ် အရိပ်ရပင်ကြီးများ၏အောက်တွင် စိုက်ပျိုး ရသည့်အတွက် မြေဆီလွှာထိန်းသိမ်းခြင်း၊ မြေအောက်ရေ တည်ရှိမှုအား မြှင့်တင်

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ) ဦးမင်းထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပင်၊ စိုက်ပျိုးခင်းများဖြင့် အစားထိုးရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းမှာ နိုင်ငံတော်နှင့် ပြည်သူများအတွက် ပိုမိုစီးပွားဖြစ်ထွန်း စေရန် ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ ထိုသို့ချထားပေးရာတွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နိုင်ပြီး အရင်းအနှီးပြည့်စုံ သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုသာ ၎င်းတို့၏ လျှောက်ထားချက်အရ စိစစ် ချထားပေးခြင်းဖြစ်သည့်အတွက် ဝန်ထုပ် ဝန်ပိုးမဖြစ်စေနိုင်ပါကြောင်း။

ထိုသို့ခွင့်ပြုရာတွင် သတ်မှတ်ကာလ အတွင်း ပြီးစီးအောင်စိုက်ပျိုးနိုင်သည့် မြေဧရိယာကိုသာ အပိုင်းလိုက် စိစစ်ခွင့်ပြု ပြီး နှစ်အလိုက်စိုက်ပျိုးမည့် မြေဧရိယာကို တောရှင်းမြေပြုပြင်၍ စိုက်ပျိုးစေရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုး နိုင်ခြင်းမရှိသောမြေများအား တောရှင်း ဆောင်ရွက်ခြင်းအား ခွင့်ပြုခြင်းမရှိပါ ထိန်းသိမ်းနိုင်ခြင်းတို့ကြောင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအား ပိုမို တိုးတက် ကောင်းမွန်စေပါကြောင်း၊ အလားတူစိုက်ခင်းများကြောင့် ဝင်ငွေ တိုးမြှင့်ရရှိစေသည့်အပြင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား စိုက်ခင်းကြီး များ ထူထောင်ခြင်းဖြင့် ဒေသနေပြည်သူ များအတွက် အလုပ်အကိုင်အခွင့်အလမ်း များ စဉ်ဆက်မပြတ်ရရှိစေခြင်း၊ ဒေသ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခြင်း၊ မြေဆီလွှာပျက်စီးမှုအား ကာကွယ်နိုင်ခြင်း၊ မြေအောက်ရေ တိုးမြှင့် ထိန်းသိမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူး များရရှိစေသည့်အတွက် စီမံကိန်းတစ်ခုစီ အလိုက် စနစ်တကျ ကြပ်မတ်ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် ထူးခြားသော အခြေအနေများရှိပါက တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့နှင့် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက် ပါက ကူညီဆောင်ရွက်ပေးသွားမည် ဖြစ် ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် အစည်းအဝေးကို ခေတ္တ ရပ်နားသည်။

ထို့နောက် အစည်းအဝေး ပြန်လည် စတင်ရာ အစီအစဉ်အရ အဆိုများ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်းကို ဆက်လက် ဆောင်ရွက်သည်။

မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်းက **“သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် လူမှုစီးပွားဘဝပျက်စီးမှု ပမာဏ ကြီးမား သောအခြေအနေတွင် တိုင်းဒေသကြီး/ ပြည်နယ်အတိုင်းအတာဖြင့် မဖြေရှင်း နိုင်သောအခါ၌ နိုင်ငံတော်က အရေးပေါ် သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသအဖြစ်ကြေညာပြီး ကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေးကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက် ဝင်ရောက်ကူညီပေးပါရန်”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို အမ်း မဲဆန္ဒနယ်မှ ဦးသိန်းဆွေက ထောက်ခံပါကြောင်းနှင့် လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါ ကြောင်း တင်ပြသည်။

ယင်းနောက် ယင်းအဆိုကို လွှတ်တော် က လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်သူ့လွှတ်တော်၏ဆန္ဒကို ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်း တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၁၀ ရက် (ကြာသပတေးနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမ နေ့တွင် ဆွေးနွေးမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၁၃၈(ဂ)အရ ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယဌာနကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ သည်။

ဆက်လက်၍ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက **“ဝင်ငွေနည်း ပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာ ရေးစနစ်တစ်ခု ထူထောင်ရန်”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းက ထောက်ခံပါကြောင်းနှင့် လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါ ကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော် က လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်သူ့လွှတ်တော်၏ဆန္ဒကို ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✤

✤ စာမျက်နှာ ၄ မှ

နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၁၀ ရက် (ကြာသပတေးနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး သတ္တမနေ့တွင် ဆွေးနွေးမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(ဂ)အရ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ) စိုင်းထွန်းဝင်းက **"စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေပေါ်ပေါက်လာရန် လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ ထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ) ဦးမင်းထွန်းက ထောက်ခံပါကြောင်းနှင့် လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်သူ့လွှတ်တော်၏ဆန္ဒကို ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ) စိုင်းထွန်းဝင်း တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက် (သောကြာနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး အဋ္ဌမနေ့တွင် ဆွေးနွေးမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၈(ဂ)အရ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းက **"အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေး"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်က ထောက်ခံပါကြောင်းနှင့် လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်သူ့လွှတ်တော်၏ ဆန္ဒကို ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက် (သောကြာနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး အဋ္ဌမနေ့တွင် ဆွေးနွေးမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(ဂ)အရ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရှင်းလင်းပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာပြည်သူ့လွှတ်တော် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ တင်သွင်းနိုင်ကြပါကြောင်း၊ လောလောဆယ်ရရှိထားသည့် မေးခွန်းများ၊ အဆိုများအနက် မေးခွန်းနှင့်အဆိုကို မှားယွင်းရောထွေးနေမှုများ တွေ့ရှိနေရပါကြောင်း၊ မေးခွန်း (Question)ဆိုသည်မှာ မိမိမသိသည်ကို သိအောင်၊ သိလိုသည်ကို သိခွင့်ရအောင် မေးမြန်းခြင်းဖြစ်ကြောင်း၊ မေးခွန်းမေးမြန်းရာတွင် မိမိသိချင်သည့်အချက်ကို အဓိကမေးရန်ဖြစ်ပြီး ရှင်းလင်းစေရန် အလို့ငှာ တစ်ဆက်တစ်စပ်တည်း ဖြေသင့်သည်ဟု ယူဆပါက မေးခွန်း၌ တစ်ဆက်တစ်စပ်တည်း မေးမြန်းနိုင်ကြောင်း၊ အဆို (Proposal) ဆိုသည်မှာ မိမိသိထားသည့်အပေါ် အခြေခံပြီး မိမိဖြစ်စေချင်သည့် ဆန္ဒအတိုင်း ဖြစ်ပေါ်လာစေရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသည့် ဌာနဆိုင်ရာများအနေဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်စေရေးအတွက်လည်းကောင်း အဆိုတင်သွင်းရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို မတ်လ ၁၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ရှမ်းမဲဆန္ဒနယ်မှ ဦးအောင်သိန်း မေးမြန်းစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများကွက်ကျားမိုး ဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့ အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ မြိတ်မြို့တွင် သုည ဒသမ ၂၈ လက်မနှင့် ပူတာအိုမြို့တွင် သုည ဒသမ ၀၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၀ ရက် ညနေထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အိန္ဒိယအသင်းကို တစ်ဂိုးစီသရေကျခဲ့၍ မြန်မာတို့ ခြေစစ်ပွဲမအောင်မြင်

ရန်ကုန် မတ် ၉

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ အာရှဇုန်ဘောလုံး ပထမအဆင့် ခြေစစ်ပွဲအဖြစ် မြန်မာယူ-၂၃ အသင်းနှင့် အိန္ဒိယ ယူ-၂၃ အသင်းတို့၏ ဒုတိယအကျော့ပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့်ရှုံးနိမ့်ကာ မြန်မာတို့ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။

မြန်မာယူ-၂၃ အသင်း - တစ်ဂိုး (ကျော်ကိုကို)

အိန္ဒိယယူ-၂၃ အသင်း - တစ်ဂိုး (ဆာဘီ)

အိမ်ကွင်းတွင် ကစားရသည့် ယခုပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပင်လျှင် ပထမအဆင့် ခြေစစ်ပွဲကို မြန်မာတို့ အောင်မြင်နိုင်မည်ဖြစ်သော်လည်း ယင်းအခွင့်အရေးကို အရမယူနိုင်ခဲ့ပေ။ ဖေဖော်ဝါရီ ၂၃ ရက်က အိန္ဒိယနိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်တွင် အိန္ဒိယအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် မြန်မာအသင်းမှာ ယခုပွဲတွင် မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်ရာ လူစုံထုတ်ပြီး ယှဉ်ပြိုင်ကစားခဲ့သည်။

ဒေးဗစ်ဒန်း၊ မိုင်းအိုက်နိုင်၊ ကြည်လင်း၊ ဇော်မင်းထွန်း၊ ပြည့်ဖြိုးဦးတို့ဖြင့် လူစုံပါဝင်လာသည့် မြန်မာယူ-၂၃အသင်းမှာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ မိုင်းအိုက်နိုင်နှင့် ဒေးဗစ်ဒန်းတို့ ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်ခဲ့ပေ။ အိန္ဒိယယူ-၂၃ အသင်းမှာ မိနစ် ၂၀ နောက်ပိုင်းတွင် ကစားကွက်ပြန်မိလာပြီး မြန်မာဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။

ပထမအဆင့်ခြေစစ်ပွဲ အောင်မြင်ရန်အတွက် မဖြစ်မနေ အနိုင်ကစားရမည့် မြန်မာအသင်းမှာ ကျော်ကိုကို၊ မင်းကိုကိုတို့ကိုထည့်ကာ တိုက်စစ်အားမြှင့်တင်ခဲ့သည်။ ၆၃ မိနစ်တွင် မြန်မာတို့ ဂိုးစရခဲ့ပြီး ဘယ်ထောင့်ကန်စည်းနားတွင် ရရှိသည့် ပြစ်ဒဏ်ဘောကို ကျော်ကိုကိုက တိုက်ရိုက်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုမှာ ဂိုးသွင်းအပြီး အကျီချွတ်အောင်ပွဲခံခဲ့ရာ အဝါထိခဲ့ပြီး ပထမတစ်ဝါထိထားရာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ တစ်ယောက် လျော့သွား၍ မြန်မာအသင်းမှာ အနိုင်ကိုထိန်းရန် ကြိုးစားခဲ့သော်လည်း ပွဲပြီးခါနီး၌ ချေပဂိုးပေးလိုက်ရ၍ ခြေစစ်ပွဲအောင်ရေး မျှော်လင့်ချက်များ ပျက်ပြယ်ခဲ့ရခြင်းဖြစ်သည်။ လူစားဝင်လာသည့် အိန္ဒိယ တိုက်စစ်မှူး ဆာဘီက ချေပဂိုး ပြန်သွင်းခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲတွင်လည်း မြန်မာအသင်းမှာ အိန္ဒိယအသင်းကို ရှုံးနိမ့်ပြီး ခြေစစ်ပွဲမအောင်မြင်ခဲ့သလို ယခုလန်ဒန်အိုလံပစ်ပြိုင်ပွဲတွင်လည်း အိန္ဒိယအသင်းကိုပင် ထပ်မံရှုံးနိမ့်ကာ ပထမအဆင့်ခြေစစ်ပွဲမှပင် ထွက်ခဲ့ရပြန်သည်။ မြန်မာအသင်းတွင် ဂိုး-ကျော်ဇင်ထက်၊ နောက်တန်း-ဇော်မင်းထွန်း၊ ကျော်ကျော်မျိုး၊ ရန်အောင်ဝင်း၊ အလယ်တန်း-အောင်ဟိန်းကျော်(ကျော်ကိုကို)၊ ကြည်လင်း၊ ပြည့်ဖြိုးဦး(မင်းကိုကို)၊ ဉာဏလွင်၊ ရန်အောင်ကျော်၊ ရှေ့တန်း-မိုင်းအိုက်နိုင်နှင့် ဒေးဗစ်ဒန်း(စိုးမြတ်သူ)တို့ ပါဝင်ကစားခဲ့သည်။



မြန်မာယူ-၂၃အတွက် ဂိုးကို ကျော်ကိုကိုက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဤသို့သွင်းယူခဲ့သည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)မှ ကြီးမှူး၍ ပါမောက္ခ/ဌာနမှူး (ငြိမ်း)ဥပဒေပညာဌာန ရန်ကုန်တက္ကသိုလ် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့(M.A.A.S) အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့က Laws Relating to Private Sector Development in Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို အမှတ် ၁၈၀/၁၈၂၊ ၆-လွှာ (ဘီ) ဗိုလ်တထောင်ဘုရားလမ်းခန်းမ၌ မတ် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇ နှင့် ၀၉-၇၃၀၈၀၂၆၉၊ ၀၉-၄၉၂၁၄၅၉၁နှင့် ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မသန်စွမ်းသူများအတွက် အခမဲ့ကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၉

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးအတွက် ကွန်ပျူတာသင်တန်းများကို အောက်မြန်မာပြည် ရန်ကုန်ရုံးချုပ်နှင့် အထက်မြန်မာပြည် မန္တလေးရုံးတို့တွင် အခမဲ့သင်ကြားပေးလျက်ရှိသည်။ အဆိုပါ အခမဲ့ကွန်ပျူတာသင်တန်းများကို အထက်မြန်မာပြည် မန္တလေးရုံးတွင် ဆက်လက်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူ မသန်စွမ်းသူများနှင့် ပါဝင်လှူဒါန်းလိုသူများသည် အမှတ်(၄)၊ ၃၃လမ်း ၆၇×၆၈လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းမှ Smart Technical Company မိသားစုက နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၄၉) ကြိမ်မြောက်ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော်တွင် ကော်ဖီအေးနှင့် မုန့်ရောင်းရသော ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့နာယက ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိအမြဲရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံအမှတ်(၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၉

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံ အမှတ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်ရှိ အဆိုပါဆေးရုံဥပစာ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံ အမှတ်(၂) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

အစီအစဉ်အရ နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံအမှတ်(၂) အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်က ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးဝင်းဇော်က ငွေကျပ် ၆၈၁၈၇၀၀ တန်ဖိုးရှိ ဆေးရုံသုံးပရိဘောဂပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ တို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာအေးမူယာကျော်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံ အမှတ်(၂)ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)၊ တိုင်းမှူးနှင့် ဝန်ကြီးများက ဆေးရုံအဆောက်အအုံရှိ မော်ကွန်းကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံအမှတ်(၂)ကို မြေဧရိယာ ၁၅ ဒသမ ၅၄ ဧကပေါ်၌ တည်ဆောက်ထားပြီး ခုတင်(၅၀)ဆံ့ ဆေးကုသဆောင်၊ ပြင်ပလူနာဌာန၊ ခွဲစိတ်ဆောင်နှင့် သားဖွားဆောင်တို့ပါရှိသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီး ဦးသိန်းညွန့်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံ အမှတ်(၂) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြို့နယ်ဆေးရုံ အမှတ်(၂)

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံ အမှတ်(၂) ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၃-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၃ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၃၀ ၅။ ဓမ္မပူဇာတေး
- ၇း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၇။ မြန်မာ့ရှုခင်း
- ၇း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ ဦးတည်ချက်(၁၂)ရပ်
- ၈း၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ ဇာတ်လမ်းတို
- ၄း၃၀ ၇။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
- ၄း၄၅ ၉။ မွေးမြူသုတ
- ၄း၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ ၁၁။ မီးသတိပေးနှိုးဆော်ချက်
- ၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၄၆)**
- ၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၆။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၇။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၄)
- ၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၄၆)**
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဦးတည်ချက်(၁၂)ရပ်
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ အနုပညာရှင်၏တစ်နေ့တာ
- ၂၅။ ကုန်သွယ်သုတ
- ၂၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၁၂)**
- ၂၈။ ဂီတရင်ခုန်သံ
- ၂၉။ သင့်အတွက်မနက်ဖြန်
- ၃၀။ အပိတ်နှုတ်ဆက်စကား
- ၃၁။ ပြီးပါပြီ။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံ အမှတ်(၂)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-စာမျက်နှာ-၆)
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အနာဂတ်ကမ္ဘာနှင့်ဗုဒ္ဓအမြင်" တရားတော် (ဆရာတော်အရှင်ပညာဝံသာ လင်္ကာရ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၈)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၅၅)**
၈း၄၀ ရန်ကုန်တက္ကသိုလ်စိတ်ပညာ ကျောင်းသား/ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ
၈း၅၅ ဧည့်ဝတီရဲ့တေးနရီ ရသစုံလီ ရခိုင်စာပီ
၉း၁၀ တစ်သက်တာစိတ်အေးဖို့ သစ်မွှေးစိုက်ကြစို့
၉း၃၀ Science For All (ကမ္ဘာမြေကိုကယ်တင်စို့) (အပိုင်း-၄) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၉း၅၀ ရန်ကုန်မြင်ကွင်းကျယ် [တောင်တွင်းကြီးအသင်းရန်ကုန်၏(၂၂)ကြိမ်မြောက်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ]
၁၀း၀၅ ကျောက်ကပ်နှင့်ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခဒေါက်တာ ခင်မောင်ဌေး)
၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၅ The Champion of Dance
၁၁း၅၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၂၀ ကြည်နူးဖွယ်ရာ ရှမ်းရိုးရာ ရဟန်းခံရှင်ပြုမင်္ဂလာ
၁၂း၄၀ ဗုဒ္ဓသာသနာရောင်ဝါ ထိန်လင်းလျက်. . . (အောင်ဇမ္ဗူတောရဓမ္မရိပ်သာ)
၁း၀၀ "အနာဂတ်ကမ္ဘာနှင့်ဗုဒ္ဓအမြင်" တရားတော် (ဆရာတော်အရှင်ပညာဝံသာ လင်္ကာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Singapore Education Road Show)
၂း၅၅ ပျော်ရွှင်ဆင်နွှဲတံတွဲတေးမြို့ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ
၃း၀၅ နွေဦး၏ ဓမ္မသံစဉ်များနှင့်အတူ လိမ္မာယဉ်ကျေး ဗုဒ္ဓ၏ ကလေးများ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၈)**
၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၅)**
၅း၀၀ Yangon Lifestyle Furniture Fair 2011 ပြပွဲကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ
၅း၀၅ ခတ်ပုံထဲမှအမှတ်တရများ (မေသူ)
၅း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၉)**
၇း၁၀ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (သူငယ်ချင်းချင်းယောက်ဖတော်တာကောင်းတယ်၊ သူငယ်ချင်းချင်းယောက်ဖမတော်တာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၆)**
၁၀း၁၀ အားကစားမြင်ကွင်းစုံ (ရွှေမင်းသားဖောင်ဒေးရှင်းရန်ပုံငွေ ခြေစမ်းပွဲကြိုတင်ပြင်ဆင်မှု အနေအထားများ) (သူထူးစံ၊ ဇာနည်၊ ဝေမင်းမောင်)
၁၀း၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မနက်ဖြန်အစီအစဉ်"
၁၁း၀၅ အနုပညာမိုးကောင်းကင်
၁၁း၂၅ ဂီတသရုပ်ပြခန်း (JET SAN HTUN -ကြယ်တွေလို)
၁၁း၅၀ ဧဒင်၏ရေကုထုံး
၁၂း၀၀ သင်ယူလေ့လာဂီတပညာ (Part-13) (CLASSIC PIANO)
၁၂း၂၀ သိ. . . တတ်စေသော် (အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်သင်တန်းဆင်းများ)
၁း၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဂျိုကာနှင့်တွေ့ဆုံခြင်း)
၁း၄၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Lucky Prize)
၂း၀၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြမြကျောက်အလှ) (အပိုင်း-၁)
၂း၃၅ စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marima)
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (လက်ဆောင်ကတ်လေးပေးချင်ရင်)
၄း၂၅ စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
၄း၄၅ ထင်ရှားတည်ရှိမြင်းမထိ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံအမှတ်(၂)အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်း-စာမျက်နှာ-၆) (သတင်းစဉ်)

မိုးစပါးချေးငွေများ အပြည့်အဝကောက်ခံရရှိ

နေပြည်တော် မတ် ၉

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ရှမ်းပြည်နယ်ဘဏ်ခွဲ(၁) တောင်ကြီးမြို့သည် ၂၀၁၀ ခုနှစ် မိုးရာသီချေးငွေများအဖြစ် တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ကလော၊ ပင်လောင်း၊ ဖယ်ခုံ၊ ညောင်ရွှေ၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲနှင့်မောက်မယ်မြို့နယ်များရှိ တောင်သူများအား ငွေကျပ်သိန်းပေါင်း ၁၉၃၅၆ကျော် ထုတ်ချေးပေးခဲ့ရာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီအတွင်း အပြည့်အဝ ပြန်လည်ကောက်ခံရရှိပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) မီးဘေးကာကွယ်ရေး လေ့ကျင့်စစ်ဆေးမှုပြုလုပ်

နေပြည်တော် မတ် ၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)၏ မီးဘေးကာကွယ်ရေးစီမံချက်ပါအတိုင်းဇာတ်တိုက်လေ့ကျင့်မှု၊ လျှပ်စစ်ဝါယာရှော့ မဖြစ်ပွားစေရန်စစ်ဆေးမှုနှင့် မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြု လက်တွေ့သရုပ်ပြပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါသတင်းစာတိုက်၌ ကျင်းပရာ တာဝန်ခံအရာရှိ ဦးနိုင်ထွန်းနှင့် ဝန်ထမ်းများ၊ ရှမ်းပြည်နယ်မီးသတ်တပ်ဖွဲ့မှလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဖေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်ကြီးခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမျိုးဇင်ဝင်းနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများတက်ရောက်ကြသည်။

ထို့နောက်မီးသတ်တပ်ဖွဲ့က သတင်းစာတိုက်မီးဘေးလုံခြုံရေးစီမံချက်နှင့် မီးဘေးကာကွယ်ရေးပစ္စည်းများ ထားရှိမှုကိုလည်းကောင်း၊ မီးဘေးအန္တရာယ် ဖြစ်စေနိုင်သည့် အချက်များကို လည်းကောင်း၊ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများက ဝါယာရှော့ဖြစ်ပွားနိုင်မှုနှင့်သတိပြုရန်အချက်များကိုလည်းကောင်း ဟောပြော ဆွေးနွေးကြပြီး မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြခြင်း၊ လျှပ်စစ်လိုင်း၊ မီးခလုတ်များနှင့် ထရန်စဖော်မာများကို စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးဝင်းဇော် ဆေးရုံသုံး ပရိဘောဂပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ တို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာအေးမူယာကျော်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်း-စာမျက်နှာ-၆) (သတင်းစဉ်)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး) ၌ မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြု လက်တွေ့သရုပ်ပြပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် မတ် ၉

နေပြည်တော် တပ်မတော်ဂေါက်ကွင်း (ရေပြာ)၌ ဦးတင်မြင့်(ညွှန်ကြားရေးမှူး၊ ပြည်ထဲရေး)သည် ဖေဖော်ဝါရီ ၂၇ရက် ညနေ ၅နာရီခွဲတွင် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးမြင့်ဝေ၊ ဦးကျော်ကျော်၊ ဦးဦးကျော်ဇံ၊ ဦးအောင်ဇေယျတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် E.V (Presept-3) ဘောလုံးအား Taylor made (CGB Max) (Iron) No.9 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၂၄ကိုက်အကွာရှိ ကျင်းအမှတ်(၁၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။

(သတင်းစဉ်)

※ **ကျောဖုံးမှ**

ရွှေဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ခေတ်စနစ်နှင့်အညီ ဆက်သွယ်ရေးကွန်ရက်များ၊ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ပြည်သူအများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုများသည်လည်း နိုင်ငံတကာအဆင့်မီ နိုင်ငံအဝှမ်း လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပါကြောင်း။

ကြိုးမဲ့တယ်လီဖုန်းဆက်သွယ်ရေးစနစ်တွင် GSM၊ CDMA-800 MHz၊ CDMA- 450 MHz၊ Mc Will စသည့် နည်းပညာအခြေခံများ ကွဲပြားခြားနားသည့် ကွန်ရက်စနစ်များကို အသုံးပြုနေသော်လည်း အဆိုပါ ဆက်သွယ်ရေးစနစ်များ၏ တူညီသော အခြေခံမှာ SIM Card များကိုသာ အသုံးပြုရခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတကာရှိ ဆက်သွယ်ရေးဝန်ဆောင်မှုများတွင် ကြိုးမဲ့တယ်လီဖုန်းစနစ်အတွက် ကနဦးတပ်ဆင်ခများ လုံးဝပေးသွင်းစရာမလိုဘဲ ကြိုတင်ငွေဖြည့်စနစ် SIM Card များကိုသာ ဝယ်ယူအသုံးပြုရန် လိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

The Myanmar Wireless Telegraph Act သည် ၁၉၃၃ မှ စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး အီလက်ထရွန်နစ်ဆက်သွယ်ရေးဥပဒေဖြစ်သည့် ဥပဒေအမှတ် ၅/၂၀၀၄ မှာလည်း ပြင်ဆင်သင့်သည်များရှိနေပါကြောင်း၊ သို့ပါ၍ လွှတ်တော်များသို့ တင်ပြပြင်ဆင်သွားရန် လိုအပ်ပါကြောင်း။

ပြည်သူအများအနေဖြင့်အပိုဆောင်းထပ်မံကုန်ကျစရိတ်များကို ကျခံသုံးစွဲရခြင်းမရှိဘဲ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး လူတန်းစားမရွေး လွယ်ကူစွာ ကြိုးမဲ့တယ်လီဖုန်းများကို အသုံးပြုဆက်သွယ်နိုင်စေရန် ကနဦးတပ်ဆင်ခ ပေးသွင်းရခြင်းကို ပယ်ဖျက်ပေးပြီး ကြိုတင်ငွေဖြည့် SIM Card များကိုသာ သင့်တော်နှုန်းထားအလိုက် မြန်မာကျပ်ငွေဖြင့် စီစဉ်ရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပုဂ္ဂလိကနှင့် နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံသူများကိုပါ ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ၊ ပြိုင်ဆိုင်ဆောင်ရွက်ခွင့်ပေးနိုင်ခြင်း ရှိ၊ မရှိ တို့ကို အများပြည်သူအကျိုးငှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားပေးစေလိုပါကြောင်းဖြင့် မေးမြန်းသည်။

ထို့နောက်ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှဦးစံထွန်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ဦးတည်ချီတက်ရာတွင် သတင်းအချက်အလက်နှင့် နည်းပညာ ဖွံ့ဖြိုးရေးတိုးတက်မှုကဏ္ဍသည် အလွန်အရေးပါပါကြောင်း၊ မြန်မာနိုင်ငံ၌ လက်ရှိသတင်းအချက်အလက် နည်းပညာများ သုံးစွဲနိုင်မှုအခြေအနေနှင့် ဆက်လက်ပြီး မြို့ပြနှင့်ကျေးလက်များပါ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြေကြားပေးပါရန် မေးမြန်းသည်။

ဆက်လက်၍ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက ထန်တလန်မြို့နယ်သည် ချင်းပြည်နယ်၏ အိန္ဒိယနယ်စပ်မြို့နယ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက လွန်ခဲ့သော နှစ်နှစ်ခန့်က အော်တိုတယ်လီဖုန်း တပ်ဆင်ပေးခဲ့သော်လည်း မြို့တွင်း၌သာ ဆက်သွယ်နိုင်ပြီး မြို့ပြင်ပ ရပ်ဝေးဒေသ၊ အခြားမြို့များနှင့်ဆက်သွယ်ရန် အများပြည်သူအတွက် အခက်အခဲများရှိနေသည်ကို သက်ဆိုင်ရာက သိ၊ မသိနှင့် သိပါလျှင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

အထက်ပါလွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သည့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်က ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှဒေါက်တာမြတ်ဉာဏစိုး၏ မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာ၌ မြန်မာနိုင်ငံတွင် တယ်လီဖုန်းတပ်ဆင်သုံးစွဲမှုနှင့် ပတ်သက်၍ ၁၉၈၈ ခုနှစ်တွင် တယ်လီဖုန်းပေါင်း ၇၄၈၅၅ လုံးသာရှိခဲ့ရာမှယခုလက်ရှိတွင် အော်တိုတယ်လီဖုန်းပေါင်း ၁၀၉၀၃၂၃ လုံးနှင့် မိုဘိုင်းတယ်လီဖုန်းပေါင်း ၂၀၁၄၂၇ လုံး စုစုပေါင်း ၃၁၉၁၇၅၀ လုံးအထိရှိလာပြီး တစ်နိုင်ငံလုံး အတိုင်းအတာနှင့် Telephone Density ၅ ဒသမ ၄ ရာခိုင်နှုန်းရှိကာ ရန်ကုန်မြို့အနေဖြင့် Telephone Density မှာ ၃၀ ရာခိုင်နှုန်းနှင့် မန္တလေးမြို့အနေဖြင့် Telephone Density ၂၀ ရာခိုင်နှုန်းခန့် ဖြစ်ပါကြောင်း။

သို့ရာတွင် ကျေးလက်ဒေသများတွင် Telephone Density နည်းပါးလျက်ရှိနေသေးပြီး ကျေးလက်ဒေသများတွင် Telephone Density တိုးတက်ရေး၊ တယ်လီဖုန်းသုံးစွဲနိုင်မှု ပိုမိုလွယ်ကူလျင်မြန်စေရေး၊ တယ်လီဖုန်းသုံးစွဲနိုင်မှုဧရိယာ Coverage ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးတို့အတွက် Mobile စနစ်များဖြစ်သည့် Cellular တယ်လီဖုန်းစနစ်၊ CDMA-450၊ CDMA-800၊ GSM စသည့် Mobile တယ်လီဖုန်းစနစ်များကို တပ်ဆင်ပြီးကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာတွင်သုံးစွဲနေသည့် SIM Card နှင့် သုံးစွဲသော Mobile တယ်လီဖုန်းစနစ်များ၊ နည်းပညာများ၊ နှုန်းထားများကို လေ့လာသိရှိသည်နှင့်အညီ မြန်မာနိုင်ငံတွင် တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်းတက်လှမ်း၍ အဆင့်လိုက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အထက်တွင် တင်ပြခဲ့သော အချက်အလက်များမှာ ကိုယ်စားလှယ်ကြီး တင်ပြထားသည့်အတိုင်း မိမိတို့ ဝန်ကြီးဌာန၏ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ရည်မှန်းချက်များတွင် ပါဝင်ပြီးဖြစ်ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင် ပုဂ္ဂလိကနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အပြိုင်အဆိုင်ဆောင်ရွက်ခွင့်နှင့် ပတ်သက်၍ လက်ရှိတွင်လည်း ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်ကို ဝန်ကြီးဌာန၏ ထည့်ဝင်ငွေ ၄၀ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ထည့်ဝင်ငွေ ၆၀ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းတည်ထောင်၍ ဆောင်ရွက်လျက်ရှိနေပြီး ဆက်လက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများလည်း ရေးဆွဲပြီးဖြစ်ပါကြောင်းနှင့် အတည်ပြုနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးစံထွန်း၏ မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာ၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် နည်းပညာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာဌာနကို (၂၂-၆-၂၀၀၆) ရက်နေ့တွင် ဖွဲ့စည်းပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် နည်းပညာလုပ်ငန်းဖြစ်သော အင်တာနက်သုံးစွဲမှုအနေဖြင့် ၁၉၉၈ခုနှစ်တွင်တစ်နိုင်ငံလုံးအင်တာနက်သုံးစွဲသူ လေးဦးသာရှိခဲ့ရာမှ ၂၀၀၈ခုနှစ် မတ်လတွင် အင်တာနက် သုံးစွဲသူ ၇၈၀၁၀ ဦး၊ ၂၀၀၉ ခုနှစ် မတ်လတွင် ၉၃၅၈၅ ဦး၊ ၂၀၁၀ ခုနှစ် မတ်လတွင် ၃၅၁၃၉၀ ဦး တိုးတက်သုံးစွဲလာခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လတွင် အင်တာနက်သုံးစွဲသူဦးရေ ၃၈၀၀၀၀ ဦး ရှိလာမည်ဖြစ်ပါကြောင်း။

ထို့ပြင် ပြည်သူများအနေဖြင့် Mobile ဖုန်းစနစ်ဖြင့် သတင်းအချက်အလက်များ ပေးပို့ရယူခြင်း ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိတပ်ဆင်သုံးစွဲလျက်ရှိသော GSM မိုဘိုင်းတယ်လီဖုန်းစနစ်တွင် Enhanced Data Rates for GSM Evolution-EDGE စနစ်နှင့် CDMA-450 MHz၊ CDMA-800 MHz မိုဘိုင်းစနစ်သုံးတယ်လီဖုန်းများတွင် Evolution Data Optimized-EVDO စနစ်များဖြင့် သတင်းအချက်အလက်ပေးပို့ခြင်း၊ လက်ခံခြင်းများဆောင်ရွက်နိုင်ရန်အတွက်ဝန်ဆောင်မှုများပေးနိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ကြိုးမဲ့ဆက်သွယ်ရေးစနစ်တစ်ခုဖြစ်သည့် Mc Will (Multi Carrier Wireless Internet Local Loop Broadband Wireless Access) စနစ်သည် ရန်ကုန်၊ မန္တလေးမြို့ကြီးများအပြင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ခန္တီး၊ ဟုမ္မလင်း၊ ကလေးဝ၊ ဗန်းမောက် စသည့်နယ်မြို့များတွင် တပ်ဆင်သုံးစွဲနေပြီဖြစ်သဖြင့် ဆက်လက်၍ မြို့ပြနှင့်ကျေးလက်ဒေသများတွင်ပါ တပ်ဆင်သုံးစွဲရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

တယ်လီဖုန်းလိုင်းကြိုးဖြင့်ဆက်သွယ်သော ADSL (Asymmetric Digital Subscriber Line)နှင့် ဖိုင်ဘာကြိုးစနစ်ဖြင့် အိမ်အရောက်ဆက်သွယ်ပြီး တယ်လီဖုန်း၊ သတင်းအချက်အလက်နှင့် ဖျော်ဖြေရေးကဏ္ဍများပါ သုံးစွဲနိုင်သော Triple Play စနစ်ဖြစ်သည့် FTTH, Fibre to The Home စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဤဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ရန်ကုန်၊ မန္တလေးနှင့် မြို့ကြီးများတွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အထက်ပါ သတင်းအချက်အလက်ပို့ဆောင်ခြင်း၊ ရယူခြင်းလုပ်ငန်းများအား နိုင်ငံအတွင်း စိတ်ချစွာ သုံးစွဲနိုင်ရန်အတွက် Intranet စနစ်ကို ရတနာပုံ တယ်လီပို့မှ ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ ၎င်း Intranet မှတစ်ဆင့် Internet ကို ချိတ်ဆက်နိုင်ရန်လည်း စီစဉ်ထားရှိပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက်ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ပြန်လည်ဖြေကြားရာ၌ ချင်းပြည်နယ် ထန်တလန်မြို့တွင် KY-1000XMအမျိုးအစား အိတ်ချိန်းကို လိုင်းအင်အား (၃၃၀)၊ အိတ်ချိန်းဖုန်းနံပါတ် ၆၀ xxx ဖြင့် (၂၈-၂-၂၀၀၉) ရက်နေ့တွင် စတင်ဖွင့်လှစ်သုံးစွဲခဲ့ပြီး ထန်တလန် အိတ်ချိန်းမှ အခြားမြို့နယ်များသို့ဆက်သွယ်ရန် အဝေးဆက်သွယ်မှုအတွက် ဂြိုဟ်တုဆက်သွယ်မှု စနစ်ဖြစ်သည့် MPT Satellite Terminal ဖြင့် CO Line (8) Lines (၀၁-၃၃၃၀၀၄၁/ ၃၃၃၀၀၄၂/ ၃၃၃၀၀၄၃/ ၃၃၃၀၀၄၄/ ၃၃၃၇၅၉၀/ ၃၃၃၇၅၉၁/ ၃၃၃၇၅၉၂/ ၃၃၃၇၅၉၃) တို့ဖြင့် ချိတ်ဆက်၍ ခေါ်ဆိုသုံးစွဲလျက်ရှိပါကြောင်း၊ စတင်ဖွင့်လှစ်သည့်အချိန်တွင် တယ်လီဖုန်း ၈၀ ခန့်သာ သုံးစွဲသဖြင့် သုံးစွဲမှုနည်းပါး၍ အခြားမြို့များသို့ ခေါ်ဆိုရာတွင် ခက်ခဲမှုမရှိသော်လည်းယခုအခါတယ်လီဖုန်း ၁၉၀ အထိ တိုးတက်သုံးစွဲလာသဖြင့် အဝေးဆက်သွယ်မှုလိုင်း ရှစ်လိုင်းဖြင့် ခေါ်ဆိုမှု ခက်ခဲနိုင်မည်ဖြစ်ပါကြောင်း။

ယင်းအဝေးခေါ်ဆိုမှုစနစ် ပိုမိုကောင်းမွန်စေရန်အတွက် ဤဝန်ကြီးဌာနအနေဖြင့် ထန်တလန်မြို့နယ်တွင် မိုက္ကရိုဝေ့ဗ် အဝေးဆက်သွယ်မှုဆက်ကြောင်းနှင့် မိုဘိုင်းဆက်သွယ်မှု CDMA-450စနစ်အားတိုးချဲ့တပ်ဆင်အသုံးပြုရန် စီစဉ်ထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးန... မေးမြန်းချက်များကို ပြန်လည်ဖြေကြားစ...

ယင်းနောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အစီအစဉ်အရ အဆိုများတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က **"လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်အဖွဲ့၊ အတွေ့အကြုံရှိသောပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်က ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်သည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်းကြေညာသည်။

ယင်းနောက်ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က **"ချင်းပြည်နယ်တွင် သင့်တော်သော ဒေသ၌ ကောလိပ်ကျောင်းဖွင့်လှစ်ပေးနိုင်ပါရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးပေါလ်ထန်ထိုင်းက ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်းကြေညာသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က

ရန်ကုန်မြို့နေ ဦးဝင်းနိုင်-ဒေါ်ခင်မြဝင်း (သာလွန်စာအုပ်တိုက်) မိသားစုက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ရွှေတ်ကောင်းမြို့ ဘုရားချောင်းရွာ ကျောင်းဓမ္မာရုံ ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ် အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ဦးတင်နှင့် ဦးကျော်ရွှေတို့ လက်ခံယူစဉ်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်လေးလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ “သက်ရှည်ကျန်းမာလေ့ကျင့်ပါ”
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၁၀ ၈။ အကပဒေသာ
- ၈း၂၀ ၉။ အတီးပြိုင်ပွဲ
- ၈း၃၀ ၁၀။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီးဆုံး။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄း၂၀ ၄။ တပ်မတော်နေ့၏ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ
- ၄း၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သမိုင်း၊ မြန်မာမှုပညာအထူးပြု) (ပထဝီဝင်)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးတေးများ
- ၄း၅၀ ၇။ “ရတနာ့ဂုဏ်ရည်နေပြည်တော်ဆီ”
- ၅း၀၀ ၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၂၀ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅း၃၀ ၁၀။ “အက္ခရာများကပြောသောစကား”
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ “အချစ်ကော်ဖီ” (အပိုင်း-၄၅) (ရွှေပန်းချီ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ ကိုလင်း၊ ကိုရဲ၊ စိုပြည်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၃၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံရှုထောင့်မှ ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (ဒုတိယတွဲ) (အပိုင်း-၁၇)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **“အစာလည်းဆေး၊ ဆေးလည်းအစာ” (အပိုင်း-၁၇)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စိတ်ကူးနဲ့ ကြမ္မာ” (အပိုင်း-၃၄) (ဇာတ်သိမ်းပိုင်း)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာလွမ်းသော မေတ္တာ” (အပိုင်း-၃၃)**
- ၂၂။ အစီအစဉ်ပြီးဆုံး။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

ယင်းနောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အစီအစဉ်အရ အဆိုများတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဖင်သာဘိတ်က **“လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်အဖွဲ့၊ အတွေ့အကြုံရှိသောပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်က ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်သည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်းကြေညာသည်။

ယင်းနောက်ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင်က **“ချင်းပြည်နယ်တွင် သင့်တော်သော ဒေသ၌ ကောလိပ်ကျောင်းဖွင့်လှစ်ပေးနိုင်ပါရန်”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးပေါလ်ထန်ထိုင်းက ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်းကြေညာသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဖင်သာဘိတ်က **“ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အကောင်းဆုံးနည်းလမ်း ချမှတ်ဆောင်ရွက်ပေးနိုင်ရန်”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဂမ်ဆိုင်းက ထောက်ခံတင်ပြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းအဆိုကိုဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှဦးပေါ်လျံလွင်က **“ကျောင်းဆင်းပြီးဖြစ်သော ချင်းအမျိုးသားဆရာဝန်များအား ဆမ အမြန်ချပေးပါရန်နှင့် ချင်းပြည်နယ်တွင် ဆရာဝန်များလိုသော ဒေသများသို့ စေလွှတ်ပေးပါရန်”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုးက ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းအဆိုကိုဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို မတ်လ ၁၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂နာရီ ၅မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့နေ ဦးဝင်းနိုင်-ဒေါ်ခင်မြဝင်း (သာလွန်စာအုပ်တိုက်) မိသားစုက ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ ဘုရားချောင်းရွာ ကျောင်းဓမ္မာရုံ ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ် အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ဦးတင်နုနှင့် ဦးကျော်ရွှေတို့ လက်ခံယူစဉ်။

(ကြေးမုံ)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

☆ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့် နေပြည်တော်ရှိ စာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၉

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန(၁)၌ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများအား တွေ့ဆုံပြီး စာမေးပွဲလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စာဖြေခန်းအသီးသီး၌ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ် ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန (၂)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတို့သို့ သွားရောက်ပြီး စာမေးပွဲဆိုင်ရာ ရုံးလုပ်ငန်းများနှင့် စာဖြေခန်းအသီးသီး၌ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ယင်းနောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့အား တွေ့ဆုံ၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနရှိ စာဖြေခန်းများ၌ စနစ်တကျဖြေဆိုနေမှုတို့ကိုလည်းကောင်း၊ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ၏ စာမေးပွဲလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် နွေရာသီ ရွက်လှေသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၅ ရက်က အင်းလျားကန်ရှိ ရန်ကုန်ရွက်လှေအသင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန် ရွက်လှေအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။

(ရွက်လှေအဖွဲ့ချုပ်)

အခြေခံပန်းအလှပြင်သင်တန်း အမှတ်စဉ် (၂/၂၀၁၁) ဖွင့်မည်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၁၁) ကို သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ မတ် ၁၄ ရက်မှ ၂၂ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး တယ်လီဖုန်း - ၃၇၉၃၆၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၄၅)

နွားထိုးကြီး အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

နွားထိုးကြီး အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း အောင်သူရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးချိုမြင့် ဖုန်း-၀၉-၅၁၅၁၅၅၇၊ ဒေါ်ဇင်မာထွေး ဖုန်း-၀၉-၂၂၀၀၁၁၈၊ ဒေါ်ရီရီဝေ ဖုန်း-၀၆၆-၈၀၃၄၀၊ ဦးကျော်သူလွင် ဖုန်း-၀၉-၂၀၃၂၆၆၄၊ ဦးရန်အောင်သန်း ဖုန်း-၀၉-၅၀၂၈၀၇၉၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၀၃၀၂၄၁၊ ဦးဇော်မင်းမြ ဖုန်း-၀၉-၅၁၃၁၃၈၅၊ ဒေါ်ဆန်းတင် ဖုန်း-၀၂-၅၃၉၆၄၊ ဒေါက်တာအေးကြည်ဖြူထွန်း ဖုန်း-၀၉-၂၂၀၀၃၂၆ နှင့် ဦးတင့်လွင် ဖုန်း-၀၉-၂၂၅၅၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဝန်ကြီး ဦးလွန်းသီ ရေဝတီမြစ်ဖြတ်ပိုက်လိုင်း စတင်တူးဖောက်ပွဲ တက်ရောက်

ရန်ကုန် မတ် ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် တာဝန်ရှိသူများ၊ CNPC South East Asia Pipeline ကုမ္ပဏီလီမိတက် President Mr. Zhang Jialin နှင့်အဖွဲ့ လိုက်ပါလျက် မတ် ၆ ရက် နံနက် ၁၁ နာရီခွဲတွင် မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း၊ ရေဝတီမြစ်ဖြတ်ပိုက်လိုင်းအတွက် မြစ်ကြမ်းပြင်အောက်မှ Horizontal Directional Drilling Machine ဖြင့် စတင်တူးဖောက်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြစ်ဖြတ်ပိုက်လိုင်းစီမံကိန်းကို ဆောင်ရွက်နေသော China Petroleum Pipeline Bureau မှ President ဖြစ်သူ Mr. Zhao Yujian က လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်

ထို့နောက် ဝန်ကြီးသည် မင်္ဂလာအချိန်တွင် Horizontal Directional Drilling Machine ကို စက်ခလုတ်နှိပ်၍ စတင်တူးဖောက် ဖွင့်လှစ်ပေးသည်။

ဖြတ်သန်းဆက်သွယ်

မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနှစ်ခု တည်ဆောက်ရန်အတွက် မြစ်ကြမ်းပြင်အောက်မှ ဖြတ်သန်းဆက်သွယ်နိုင်ရေးအတွက် ရေဝတီမြစ်ကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ခုံစုကျေးရွာအနီး ရေဝတီမြစ်အနောက်ဘက်ကမ်းမှ စတင်၍ တူးဖောက်ကာ ရေဝတီမြစ်၏ မြစ်ခွဲငယ်ကို အလျား ၂၃၅၁ ပေနှင့် ရေဝတီမြစ်မကြီးကို အလျား ၅၀၁၇ ပေခန့် တူးဖောက်ဖြတ်ကျော်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ရေဝတီမြစ်ဖြတ်ပိုက်လိုင်းအတွက် မြစ်ကြမ်းပြင်အောက်မှ Horizontal Directional Drilling Machine ဖြင့် စတင်တူးဖောက်ပွဲ အခမ်းအနားတွင် စက်ခလုတ်နှိပ်၍ စတင်တူးဖောက် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ကျင်းပမည်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ KENBO မှ အဓိကကူညီပံ့ပိုးသော ၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို မတ် ၁၃ ရက်တွင် ပုသိမ်မြို့ ရေဝတီဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတစ်ပွဲချင်းစီတွင် (အကျောမဲ့) ပုံစံဖြင့် အကောင်းဆုံးအပျော်တမ်းကစားသမား ၁၀ဦးအား ရွေးချယ်ပြီး ဧပြီ ၇ ရက်နှင့် ၈ ရက်တွင် ရွှေမန်းတောင် ဂေါက်ကလပ်၌ ကျင်းပမည့် ဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။ ကျန်အပျော်တမ်းပြိုင်ပွဲဝင်များနှင့် အမျိုးသမီးပြိုင်ပွဲဝင်များအား (System 36) ဖြင့် တွက်ချက်ပြီး ဆုများချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole-In-One) ဆုရရှိသူအား KENBO မော်တော်ဆိုင်ကယ်ဆု ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် မတ် ၁၁ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဖုန်း-၀၉-၅၀၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁ တို့နှင့် ပုသိမ်မြို့ ရေဝတီဂေါက်ကလပ် ဖုန်း-၀၄၂-၂၅၁၉၉ တို့၌ အမည်စာရင်းပေးသွင်းနိုင်သည်။

အဆိုပါ ၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၌ စာမေးပွဲဖြေဆိုနေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၉

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးရဲလွင်အောင်သည် ယနေ့ နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန(၁/၂)၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်ပြီး စာဖြေသူများ စည်းကမ်းတကျ ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စက်ရုံစုနယ်မြေသို့ သွားရောက်၍ ကျောင်းအဆောက်အအုံ စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ နေအိမ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြစ်ငယ် ကျောင်းသုံးဖတ်စာအုပ် သိုလှောင်ရုံသို့ သွားရောက်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ အချိန်မီရောက်ရှိရေးအတွက် ဖြန့်ချိနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဆေးပန်းချီအထူးပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ရေဆေးပန်းချီအထူးပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ်ချင်းလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ပန်းချီပန်းပုခန်းမ၌ ကျင်းပရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က အဖွင့်အမှာစကားပြောကြားသည်။

ပြပွဲတွင် ပန်းချီဆရာကြီးများဖြစ်ကြသည့် ဦးဘဇော်၊ ဦးဘညဏ်၊ ဦးဘသက်၊ ဆရာဆောင်၊ ဦးငွေကိုင်၊ ရတနာပုံမောင်စု၊ ဦးMတင်အေး၊ ဦးပေါ်ဦးသက်၊ ဦးလွန်းကြွယ်၊ ဦးကျော်သောင်း၊ ဦးဇော်ဝင်းနှင့် အခြားပန်းချီဆရာကြီးများ၏ ၁၉၃၀ မှ ၂၀၀၀ ပြည့်နှစ်အတွင်း ရေးဆွဲခဲ့ကြသော ပန်းချီလက်ရာပေါင်း ၆၀ ကို ပြသထားသည်။

ပြပွဲကို မတ် ၁၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်သည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

ခေတ်သစ်လူသား အာဖရိကတောင်ပိုင်း၌ စတင်ခဲ့ဖွယ်

စတန်းဖို့ဒ် မတ် ၉

ခေတ်သစ်လူသားများ၏ မူလအစသည် အာဖရိကတိုက်တောင်ပိုင်း၌ မြစ်ဖျားခံခဲ့ဖွယ်ရှိကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက မတ် ၈ ရက်တွင် ပြောကြားခဲ့သည်။

မျိုးဗီဇလေ့လာချက်များအရ အာဖရိကတိုက်တောင်ပိုင်း၌ နေထိုင်ကျက်စားဖူးသော မုဆိုးအုပ်စုဝင် လူတူမျိုးနွယ်စုများသည် ခေတ်သစ်လူသား၏ မျိုးဗီဇလက္ခဏာများ အပြည့်ဝဆုံးဖြစ်ကြောင်း သိရသည်။

အာဖရိကတိုက်တောင်ပိုင်းသည် ခေတ်သစ်လူသားများ မြစ်ဖျားခံ ပျံ့နှံ့ရေးအတွက် အသင့်လျော်ဆုံး ဒေသတစ်ခုဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ခေတ်သစ်လူသားများသည် အာဖရိကအရှေ့ပိုင်းမှ စတင်ပျံ့နှံ့ခဲ့ကြောင်း ယခင်က မှတ်ယူထားခဲ့ရာ ဗြိတိသျှသိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်သည် အဆိုပါ အစဉ်အလာ အသိအမြင်ကို စိန်ခေါ်လာပြီဖြစ်သည်။

အာဖရိကတိုက်ကို ခေတ်သစ်လူသားများ အစပြုပျံ့နှံ့ခဲ့ရာ တိုက်ကြီးတစ်တိုက်အဖြစ် ရည်ညွှန်းနိုင်ကြောင်း၊ သို့ရာတွင် လူမျိုးစုအထွေထွေ၏ ရှုပ်ထွေးသော သမိုင်းကြောင်းများကြောင့် အာဖရိက၏ သမိုင်းမတင်မီကာလနှင့် လူသား၏အဆင့်ဆင့်တိုးတက် ဖြစ်ပေါ်မှုဆိုင်ရာ အသေးစိတ် အချက်အလက်များကို လက်ခံရန် ခက်ခဲနေဆဲဖြစ်သည်။



အာဖရိက တောင်ပိုင်း၌ ဖြစ်တည်ခဲ့ဖူးသော လူတူမျိုးနွယ်စုများသည် ခေတ်သစ်လူသား၏ မျိုးဗီဇလက္ခဏာများကို အခြားသော လူတူမျိုးနွယ်စုများထက် ပိုမိုပိုင်ဆိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။ **ယူပီအိုင်။**

ဝင်ရိုးစွန်းရေခဲပြင်များ ပျောက်ကွယ်သည်နှင့်အမျှ ပင်လယ်ရေမျက်နှာပြင် ပိုမိုမြင့်တက်လာ

ဝါရှင်တန် မတ် ၉

အန္တာတိကတိုက်နှင့် ဂရင်းလန်းကျွန်းတို့ရှိ ရေခဲပြင်များ အရည်ပျော်နှုန်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်း တဖြည်းဖြည်းမြင့်မားခဲ့ပြီး ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု၏ အဓိက အကြောင်းတရားဖြစ်လာကြောင်း မတ် ၉ ရက် သတင်းများတွင် ဖော်ပြသည်။

ဝင်ရိုးစွန်းဒေသ ရေခဲပြင်များ အရည်ပျော်နှုန်းကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် တစ်နှစ်လျှင် ၁ ဒသမ ၃ မီလီမီတာ မြင့်တက်လျက်ရှိကြောင်း ဂြိုဟ်တုမှပေးပို့သော အချက်အလက်များနှင့် ရာသီဥတုပြောင်းလဲမှုပုံစံများကို ထောက်ရှု၍ သိပ္ပံပညာရှင်များက ခန့်မှန်းတွက်ချက်ထားသည်။

ယေဘုယျဖြစ်ရပ်များကို လွှမ်းခြုံသုံးသပ်ပါက ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် နှစ်စဉ်ပျမ်းမျှ သုည ဒသမ ၃ မီလီမီတာနှုန်း မြင့်တက်မှုရှိကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းသည်။

၁၉၉၂ ခုနှစ်မှ ၂၀၀၉ ခုနှစ် အကြားကာလများတွင် ကမ္ဘာ့ဝင်ရိုးစွန်းဒေသနှစ်ခုရှိ ရေခဲပြင်များသည် နှစ်စဉ်နှစ်တိုင်း ပျမ်းမျှတန်ချိန် ၃၆ ဒသမ ၃ ဘီလီယံ ဆုံးရှုံးခဲ့ကြောင်း လေ့လာချက်များအရ သိရသည်။ ဝင်ရိုးစွန်းရေခဲပြင်များ အရည်ပျော်မှုနှုန်းသည် လက်ရှိအခြေအနေအတိုင်း ဆက်သွားပါက ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှုန်းသည် ကုလသမဂ္ဂက ခန့်မှန်းထားသည်ထက် သိသိသာသာ ပိုမြန်လာနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဝင်ရိုးစွန်းရေခဲပြင်များ အရည်ပျော်မှုနှုန်း မြန်ဆန်လာခြင်းကြောင့် ၂၀၅၀ ခုနှစ်၌ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှုန်း ၅ ဒသမ ၉ လက်မပိုမိုတိုးတက်နိုင်ကြောင်း သိပ္ပံပညာရှင်တို့က ဆိုသည်။ **အင်တာနက်။**

အာရှဆန်စပါး ထုတ်လုပ်မှု တိုးမြှင့်ရန် ကုလသမဂ္ဂအဖွဲ့ အစည်းတိုက်တွန်း

ဗန်ကောက် မတ် ၉

ကမ္ဘာ့လူဦးရေ တိုးမြင့်လာသည်နှင့်အမျှ စားနပ်ရိက္ခာ ပြတ်လပ်ခေါင်းပါးမှုကို ရှောင်လွှဲနိုင်ရေးအတွက် လယ်သမားများ ဆန်စပါးစိုက်ပျိုးမှုကို တွန်းအားပေးရန် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ယနေ့တောင်းဆိုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အာရှတိုက်သည် ကမ္ဘာကြီး၏ စပါးကျီဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဟီရိုယူကီကိုနူမာက ပြောကြားသည်။

အာရှတိုက်သည် ဆန်စပါးစိုက်ပျိုးရေးကဏ္ဍ၌ အလွန်အရေးပါသော ဒေသတစ်ခုဖြစ်ပြီး နိုင်ငံတကာ ဆန်ဈေးကွက်၏ သုံးပုံနှစ်ပုံကို အာရှနိုင်ငံများက ရယူထားကြောင်း၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံကပင် နိုင်ငံတကာဆန်ဈေးကွက်၏ ဈေးကွက်ဝေစု ၅၀ ရာခိုင်နှုန်းကို ရယူထားကြောင်း ၎င်းက ဆိုသည်။

ကမ္ဘာ့ ဆန်ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို အာရှတိုက်က ရယူထားသော်လည်း ထွက်ရှိသောဆန်အများစုကို အာရှတိုက်တွင်း၌ပင် စားသုံးရကြောင်း သတင်းတွင် ဖော်ပြသည်။

အာရှတိုက်၏ ဆင်းရဲမွဲတေမှုနှုန်းနှင့် စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်မှုပြဿနာကို လျှော့ချရန် တောင်သူလယ်သမား မြေပိုင်ယာပိုင်များကို ဆန်စပါး ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကူညီသင့်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က တိုက်တွန်းခဲ့သည်။

အေအက်ဖ်ပီ။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ရောဝတီဘဏ်လီမိတက် တောင်ကြီးဘဏ်ခွဲ ကို ၈.၃.၂၀၁၁ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဘဏ်ခွဲများ ဆက်လက်ဖွင့်လှစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးတင်မြင့်+ဒေါ်ရွှေကြည်
'သခြေ'ရွှေဆိုင်

ဦးစွန်ကြာအောင်+ဒေါ်နန်းခင်စုညွှန်
'တံပွင့်'နှင့်သက်န်းတိုက်

SONY 3D Full HD Home Projector များ မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ 3D ရုပ်ရှင်ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



SONY 3D Full HD Home Projector များ မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မတ် ၉

စင်ကာပူသမ္မတနိုင်ငံ Sony Business & Professional Products Asia Pacific Company နှင့် TMW Enterprise Ltd. တို့ ပူးပေါင်းကျင်းပသည့် SONY 3D Full HD Home Projector များ မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Parkroyal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ TMW Enterprise Ltd. ၏ Sales and Marketing Department မှ Deputy General Manager ဦးဇော်မိုးဦးက မိတ်ဆက်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ Sony Business & Professional Products Asia Pacific မှ Sales Executive Mr. Justin Chaing က 3LCD Technology နှင့် Sony Business & Professional Products Asia Pacific အကြောင်းကို လည်းကောင်း၊ TMW Enterprise Ltd. မှ Supervisor ဦးမောင်မောင်အောင်က SONY 3D Full HD Home Projector VPL-VW 90 ES, Ex series နှင့် Fx series များအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် TMW Enterprise Ltd. မှ တာဝန်ရှိသူများက 3D Projector ၏ ထူးခြားချက်များကို မေးမြန်းပြီး အဖြေမှန်သူများအား အမှတ်တရလက်ဆောင်များကို ချီးမြှင့်ကာ 3D Projector နှင့် Business Projector များကို ရှင်းလင်းပြသကြသည်။

TMW Enterprise Ltd. အနေဖြင့် SONY ၏ တီထွင်ဆန်းသစ်သော နည်းပညာသစ်များကို စဉ်ဆက်မပြတ် မိတ်ဆက်ပေးလျက်ရှိသည်။ ထူးခြားသည့် Full HD Picture Quality 2D Projector များအပြင် ဂျပန်နိုင်ငံ၌ HiVi Grand Prix Front Projector Award Gold Price နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ Glory of Best Performance Award ရရှိထားသည့် SONY Full HD 3D Technology Projector ဖြစ်သည့် VPL-VW 90 ES model ကို ယနေ့ ထပ်မံမိတ်ဆက်ပေးသည်။ ယနေ့မိတ်ဆက်ပြသသည့် Projector မှာ High Frame rate 240Hz Technology ကြောင့် ရုပ်နှစ်ထပ်မဖြစ်ဘဲ တကယ့်စစ်မှန်သည့် 3D ရုပ်ရှင် (Cinema) experience ကို ကြည့်ရှုခံစားနိုင်မည့် Projector ဖြစ်ပြီး စတင်မိတ်ဆက်ပေးသည့် အထူးအစီအစဉ်အဖြစ် မယုံကြည်နိုင်လောက်သော အထူးဈေးနှုန်းများနှင့်အတူ အမှန်တကယ်လိုအပ်သော ပစ္စည်းလက်ဆောင်များ၊ ထူးခြားသော အစီအစဉ်များဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ တရားပွဲများအတွက်လည်း အထူးဈေးနှုန်းများဖြင့် စီစဉ်ထားသည်။

ယနေ့ပြပွဲတွင် လုပ်ငန်းသုံး Projector များအပြင် မိမိတို့နေအိမ်များ၌ အဆင့်မြင့်ရုပ်ရှင်ရုံတစ်ခုအဖြစ် ဖန်တီးနိုင်အောင် ဝယ်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် Projector နှင့် တွဲဖက်၍ Home Theatre System များကိုလည်း ခင်းကျင်းပြသထားသည်။ နည်းပညာမြင့်မားသည့် 3LCD Projector များကို သုံးစွဲသူများ၏ ရည်ရွယ်ချက် အမျိုးမျိုးနှင့် ကိုက်ညီအောင် ထုတ်လုပ်ပေးထားသည်။

SONY ၏ VPL-VW 90 ES 3D Home Theatre Projector ကို နိုင်ငံတကာ၌ သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်းပင် TMW က ရောင်းချပေးသွားမည်ဖြစ်သည်။ ထို့အပြင် Lumens 2000 ကျော်ရှိသည့် VPL-EX 100 Series Projector နှင့် အပိုမီးလုံးတို့ကိုလည်း အထူးသက်သာသောနှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ SONY Showroom များ၌ ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၅ ရက်က မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၂) မြို့သစ်ရပ်ကွက် ရွှေဇာလီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး)ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ရန်ကုန်-မန္တလေး ကားလမ်းဟောင်းနှင့် ပွဲကောက်ရေတံခွန်ယာဉ်ရပ်နားစခန်းတို့၌ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများ ဖြစ်ပွား

နေပြည်တော် မတ် ၉

ယာဉ်မောင်း မျိုးလွင်ဦး မောင်းနှင်သည့် နီဆန်း (၁၀)ဘီးယာဉ်သည် မတ် ၆ ရက် နံနက် ၆ နာရီကျော်ခန့်တွင် ရန်ကုန်-မန္တလေး ကားလမ်း(လမ်းဟောင်း) မိုင်တိုင်အမှတ်(၁၆၉/၃) နှင့် (၁၆၉/၄) ကြား၌ ယာဉ်မောင်း ခင်မောင်ဝင်း မောင်းနှင်သည့် တပင်ရှွေထီး ယာဉ်လိုင်းမှ ဟိုင်းလတ်ခရီးသည်တင် ယာဉ်အား ဝင်တိုက်မိခဲ့သဖြင့် ဟိုင်းလတ်ခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည် ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာများအား အုတ်တွင်း ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ယာဉ်မောင်း ဦးဝင်းသန်း မောင်းနှင်သော ခရီးသည်တင် ဖူဆိုမှန်လုံယာဉ်သည် မတ် ၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် ပြင်ဦးလွင်မြို့နယ် ပွဲကောက်ရေတံခွန် ယာဉ်ရပ်နားစခန်း၌ ယာဉ်ရပ်နားရန် ဘယ်ဘက်သို့ ချိုးကွေ့စဉ် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သဖြင့် ခရီးသည် ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာများအား ပြင်ဦးလွင်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်းများအား အရေးယူထားကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယာဉ်မောင်းများအနေဖြင့်လည်း ပိုမိုသတိပြု လိုက်နာသင့်ကြောင်း ယာဉ်မှူးစစ်တစ်ဦးက ပြောကြားခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်း **ဟန်သစ်**

အိမ်ကွင်းနိုင်ပွဲများနှင့်အတူ ဘာစီလိုနာနှင့် ရှက်တာဒိုးနက်တို့ ကွာတားဖိုင်နယ်တက်

ဘာစီလိုနာ မတ် ၉

၂၀၁၀-၂၀၁၁ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ၁၆သင်းအဆင့်ရှုံးထွက် ဒုတိယအကျော့၏ ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အိမ်ရှင်အသင်းများဖြစ်သည့် ဘာစီလိုနာနှင့် ရှက်တာဒိုးနက်တို့ နိုင်ပွဲအသီးသီးရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဘာစီလိုနာ ၃-၁ အာဆင်နယ်
(နှစ်ကျော့ပေါင်း- ၄-၃)

စပိန်မြေနူးကမ့်ကွင်းတွင်ကစားခဲ့သည့် ဘာစီလိုနာနှင့်အာဆင်နယ်တို့ပွဲတွင် ဘာစီလိုနာက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။ ဘာစီလိုနာအတွက် ဂိုးများကို ပထမပိုင်းနာကျင်အချိန်ပို ၃ မိနစ်တွင် မက်ဆီက အဖွင့်ဂိုး၊ ဒုတိယပိုင်း ၆၉ မိနစ်တွင် ဇာဗီက ဒုတိယဂိုးနှင့် ၇၁မိနစ်တွင် မက်ဆီက ပယ်နယ်တီမှ တတိယဂိုးတို့ကို သွင်းယူခဲ့သည်။ အာဆင်နယ်အတွက် တစ်လုံးတည်းသောနှစ်သိမ့်ဂိုးမှာ ဘာစီလိုနာ ကစားသမား ဘတ်စ်ကွက်စ်ခေါင်းနှင့်ထိ၍ ကိုယ့်ဂိုးကိုယ် သွင်းမိရာမှ ရသွားခြင်းဖြစ်သည်။

ယခုပွဲတွင် ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှု ၇၆ ရာခိုင်နှုန်းရကာ တစ်ဖက်သတ်ဖိကစားနိုင်ခဲ့သည်။ ပွဲချိန် ၅၆ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံရသည်။ ဘာစီလိုနာအသင်းသည် ပထမအကျော့အဝေးကွင်း နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ယခု ဒုတိယအကျော့အိမ်ကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ယူနိုင်ခဲ့၍ နှစ်ကျော့ပေါင်း လေးဂိုး-သုံးဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်သွားပြီဖြစ်သည်။

ရှက်တာဒိုးနက် ၃-၀ ရိုးမား
(နှစ်ကျော့ပေါင်း ၆-၂)

ယူကရိန်းကလပ်ရှက်တာဒိုးနက်သည် ပထမအကျော့ အဝေးကွင်းတွင် ရိုးမားကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရထား၍ ယခုအိမ်ကွင်းတွင် သရေကိုသာ အဓိကဦးတည်ပြီး ခံစစ်လုံအောင် အထိုင်ချကာ တန်ပြန်တိုက်စစ်သုံး၍ ရိုးမားကို ရင်ဆိုင်ခဲ့သည်။ ရိုးမားတိုက်စစ်ကစားပုံ ကောင်းမွန်ခဲ့သော်လည်း ရှက်တာဒိုးနက် နောက်တန်းနှင့် ဂိုးသမားတို့ကို ကျော်ဖြတ်၍ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ ထို့ပြင် ပွဲချိန် ၂၈ မိနစ်တွင်ရသည့် ပယ်နယ်တီကိုလည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခဲ့သည်မှာ ရိုးမားအတွက် နစ်နာလှသည်။ ပွဲချိန် ၄၁ မိနစ်တွင် ရိုးမားကစားသမား မက်ဆစ် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။

အိမ်ရှင်ရှက်တာဒိုးနက်သည် ၁၈ မိနစ်တွင် ဟတ်ဆက်မင်၊ ၅၈ မိနစ်တွင် ဝီလျံနှင့် ၈၇ မိနစ်တွင် အက်ဂွါဒိုတို့၏သွင်းဂိုး သုံးဂိုးဖြင့် ရိုးမားကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် ရှက်တာဒိုးနက်အသင်းသည် နှစ်ကျော့ပေါင်း ခြောက်ဂိုး-နှစ်ဂိုးဖြင့် ရိုးမားကို အနိုင်ရကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ **အင်တာနက်။**

မိုး
သတိပြု

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ၊ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်

နိုင်ငံတကာတွင် သုံးစွဲနေသည့် တယ်လီပုန်းစနစ်များ မြန်မာနိုင်ငံတွင် တစ်ဆင့်ချင်းတက်လှမ်း၍ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိ သတင်းအချက်အလက် ပို့ဆောင်ခြင်း၊ ရယူခြင်းလုပ်ငန်းများအား ရတနာပုံတယ်လီပို့မှ ဝန်ဆောင်မှုပေးလျက်ရှိ

နေပြည်တော် မတ် ၉

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၂၃)ဦးရှိသည့်အနက် (၂၂၂)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့်(၉၉ ဒသမ ၅၅) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆ အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်းများကိုမေးမြန်းကြရာ ဝန်ကြီးဌာန တစ်ခုတည်းနှင့် သက်ဆိုင်သည့်အတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က မေးခွန်း(၃)ခုလုံးကို ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)